၂၀၂၄ ခုနှစ် ( ဇန္နဝါရီ ၂၁ - ဇူလိုင် ၂၇ ) အတွင်း

# စစ်အာဏာရှင်စနစ်ဆိုး၏ မြေစာပင်

**စစ်တပ်အာဏာသိမ်းမှုအလွန်၊ ရှမ်းတောင် စစ်ပဋိပက္ခဘေးရိုက်ခတ်မှုအခြေအနေများနှင့် အလွှာပေါင်းစုံရှိ အရပ်သားပြည်သူများ၏ လူမှုစီးပွါးဘဝများဖြစ်ပျက်ပြောင်းလဲမှုဆိုင်ရာ တွေ့ရှိချက်များ (၂)**

# အဖွင့်မိတ်ဆက်

၂၀၂၄ နှစ်စ ဇန္နဝါရီ၁ ရက် ဟိုပုံးမြို့နယ် မဲနယ်တောင် စံဖူး/လုံးဟီး ဒေသတွင် ဖြစ်ပေါ်ခဲ့သည့် ထိတွေ့တိုက်ပွဲမှ စပြီး ရှမ်းတောင်ဒေသတွင်း အသီးသီးသို့ စစ်ပဋိပက္ခဇုန်များ တဖြည်းဖြည်းကျယ်ပြန့်လာခဲ့ပြီး၊ ၂၀၂၄ ဇူလိုင်လ နောက်ဆုံးပတ်များအထိတိုင် (၀) ဒေသတွင်းစစ်ပဋိပက္ခဖြစ်ပွါးမှု ( ၆ - ၇) လကျော်ကြာလာသည့်တိုင် ဆီဆိုင်နှင့် ပင်လောင်းဒေသများမှ နေရာအနှံဆုံး ၅ နေရာခန့်တွင် လက်နက်ကြီး၊ ငယ်ပစ်ခတ်မှုများ ၊ ရံဖန်ရံခါ မြေပြင်ထိတွေ့တိုက်ပွဲများ ဖြစ်ပွါးနေဆဲဖြစ်သည်။ ထို ၆ လတာအတွင်းတွင် ဆီဆိုင်၊ ဟိုပုံး၊ လွိုင်လင် နှင့် ပင်လောင်း၊ မောက်မယ် စသည့် မြို့နယ်များအသီးသီးတွင် စစ်ကောင်စီကို ဆန့်ကျင်တော်လှန်သည့် ဒေသတွင်းမြေပြင်၊ စစ်ပဋိပက္ခတိုက်ပွဲများနှင့် စစ်ကောင်စီ၏ လူမဆန်သည့် လေကြောင်း လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုများ ၊ အလံဖြူထောင်ထားသည့် စားနပ်ရိက္ခာများပြန်ယူနေသည့် အရပ်သားပြည်သူများကို စစ်ကောင်စီက ရည်ရွယ်ချက်ရှိရှိ ဖုံးကြဲတိုက်ခိုက်ပစ်ခတ်၍ အရပ်သားများ အစုအပြုံလိုက် သေဆုံးခဲ့ရမှုဖြစ်ရပ်များ ၊ ဒေသတွင်း ပြင်းထန် စစ်ပဋိပက္ခဖြစ်စဉ်ပွါးနေစဉ် အရပ်သားများ စစ်ပဋိပက္ခနယ်မြေများအတွင်း ပိတ်မိပြီး လူသားဒိုင်းကာ၊ စစ်ရေးလက်နက်သဖွယ် အသုံးပြုခံရခြင်းများ စသဖြင့် ကျယ်ပြန့်စွာ ဖြစ်ပေါ်ခဲ့ပါသည်။

သို့သော် ထိုမတိုင်ခင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလပတ်ဝန်းကျင်မှာကတည်းက ရှမ်းတောင်ဒေသတွင်းတွင် အာဏာသိမ်းစစ်တပ်ကို ဆန့်ကျင်တော်လှန်သည့် တိုက်ပွဲများ ဖြစ်နေခဲ့ပြီဖြစ်ပြီး အထူးသဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလပတ်ဝန်းကျင်ခန့်က ပင်လောင်းမြို့နယ် နမ်းနိမ်းဒေသ စစ်ပဋိပက္ခဖြစ်စဉ်တွင်လည်း စစ်ကောင်စီနှင့်အပေါင်းအပါတပ်ဖွဲ့များက ဒေသစစ်ပွဲအတွင်း ပိတ်မိနေသည့် အရပ်သားရဟန်းရှင်လူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းများ၊ လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်ခြင်းများအထိ ရှိလာခဲ့သည့်အတွက် ဒေသတခုလုံးရှိ အရပ်သားပြည်သူများအားလုံးနီးပါး အိုးအိမ်စွန့်၍ ပင်လောင်းမြို့ရှိရာ ဒေသများဖက်သို့ ရွှေ့ပြောင်းတိမ်းရှောင်ခဲ့ကြရသည်။

အဆိုပါ ၂၀၂၃ နှစ်စကာလပတ်ဝန်းကျင်တွင်ပင် ၎င်းဒေသနှင့် ဆက်စပ်တည်ရှိနေသော ညောင်ရွှေမြို့နယ်က အချို့နေရာတွင်လည်း စစ်ကောင်စီအပေါင်းအပါတပ်များနှင့် ရှမ်းတောင်၊ ကရင်နီအပြင် အခြားဒေသများတွင် အခြေစိုက်သည့် တော်လှန်ရေးတပ်ပေါင်းစုတို့ ထိတွေ့တိုက်ပွဲအကြိမ်ရေ ဒါဇင်နဲ့ချီ ဖြစ်ပွါးခဲ့ပြီဖြစ်သည်။ ထိုတိုက်ပွဲများအပါအဝင် ရှမ်းတောင်နှင့် ကရင်နီနယ်စပ်များ အနီးဖြစ်ပွါးခဲ့သည့် တိုက်ပွဲများဖြစ်စဉ်များအပေါ်တွင် အာဏာသိမ်းစစ်ကောင်စီသည် ဒေသတွင်း တိုင်းရင်းသားလူမျိုးများအကြား လူမျိုးရေးပဋိပက္ခများဖန်တီးခဲ့သည့် သာဓကဖြစ်ရပ်များလည်း အများအပြားရှိနေသည်၊ အဆိုပါစစ်ပွဲများထဲတွင် အာဏာသိမ်းစစ်ကောင်စီတပ်များနှင့်အတူ ရှေ့တန်းတွင် ပါဝင်ကူတိုက်ပေးနေသည့် PNA တပ်သားအများအပြားလည်း သေဆုံးခဲ့ရသလို ၊ စစ်ကောင်စီအုပ်ချုပ်ရေးယန္တယားကို PNA က အပြည့်အဝကာကွယ်ပေးထားနေရပြီး စုဆောင်းခေါ်ယူထားသည့် စစ်သားများ သေဆုံးမှုများကိုလည်း သတင်းအမှောင်ချထားမှုများလည်းရှိနေသလို အဆိုပါ PNA တပ်သားများ သေဆုံးမှုဖြစ်စဉ်များအပေါ် အခြေခံပြီး လူမျိုးရေးပဋိပက္ခအဖြစ် အသွင်ပြောင်းသွားစေရန် စစ်ကောင်စီနှင့် PNA လော်ဘီတို့က ၎င်းတို့၏ လူမှုကွန်ရက် အကောင့်များတွင် ရေးသား၊ ပြောဆိုနေကြသည်ကို ရှမ်းတောင် စစ်ပဋိပက္ခဖြစ်စဉ်များ တလျောက်တွင် အမြဲတွေ့နေရသည်။

ထို့အပြင် ဆီဆိုင်၊ ပင်လောင်းနှင့် ဟိုပုံးစသည့် မြို့နယ်များတွင် စစ်ကောင်စီနှင့်အပေါင်းအပါတပ်ဖွဲ့များက ရှမ်းတောင်လမ်းမများပေါ် ရှိ ၎င်းတို့၏ လမ်းစစ်ဆေးရေးဂိတ်များကို ဖြတ်သန်းသွားလာသည့် ခရီးသွားပြည်သူများထဲမှ ဒေသတွင်းမဟုတ်သည့် ပြည်သူများကို တင်းတင်းကျပ်ကျပ်စစ်ဆေး၊ ဖမ်းပြီး၊ လက်စဖျောက်နေသည့် သတင်းများ၊ တိုင်ကြားမှုများနှင့် လူပျောက်စုံစမ်းမှုများ ၂၀၂၄ နှစ်စပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွက်လာခဲ့သည်။ စစ်ကောင်စီ၏ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် PNA တပ်ဖွဲ့၏ စစ်သားစုဆောင်းမှုကိစ္စများသည် ဒေသတွင်း လူငယ်နှင့် အရပ်သားပြည်သူများအတွက် ကြီးမားသည့်ဆုံးရှုံးနစ်နာမှုများနှင့် လူ့အခွင့်အရေးများအားလုံး လုယူခံရမှု၊ ပိတ်ပင်မှုခံရခြင်းများ ဖြစ်နေသည်။ ထို့အပြင် စစ်ပဋိပက္ခဖြစ်ပွါးနေသည့်

ဒေသရှိအရပ်သားပြည်သူများကို တိမ်းရှောင်ခွင့်မပေးဘဲ လူသားဒိုင်းကာအဖြစ်၊ အရပ်သားများကို စစ်ရေးလက်နက်တခုအဖြစ် နှင့် အရပ်သားများကို အချိန်မရွေးအသက်သေဆုံးနိုင်သည့် အခြေအနေများထဲတွင် ထိန်းသိမ်းထားခြင်းများ၊ PNAနှင့် စစ်ကောင်စီတပ်ဖွဲ့များက ဆက်တိုက်ချိုးဖေါက်ပြီး ပြုမူ၊လုပ်ဆောင်နေသည်။ ဤအခြေအနေများအောက်တွင် အရပ်သားပြည်သူများအားလုံး၏ ထွေးပွေ့ထားသည့် ၊ ရယူထားသည့် လူသားအခွင့်အရေးများနှင့် လိုလားတောင်းတနေသည့် လူသားဂုဏ်သိက္ခာများအားလုံး တစစီဆုတ်ဖြဲ၊ ဖျက်ဆီးခြင်းခံနေကြရသည်။

----

**ဤတွေ့ရှိချက်စာတမ်း**သည် ရှမ်းတောင် လက်နက်ကိုင်စစ်ပဋိပက္ခအတွင်း အရပ်သားများလူ့အခွင့်အရေးချိုးဖေါက်ခံရသည့် အခြေအနေနှင့် စစ်အာဏာသိမ်းပြီး တိုင်းပြည်ကစဥ့်ကလျားအခြေအနေများအကြား ဖြစ်ပေါ်၊ ဖြစ်ပျက်နေသည့် ဒေသတွင်း အရပ်သားလူထုများ၏ လူမှုစီးပွါးဘဝများနှင့် ထင်ဟပ်ချက်များ၊ စစ်ပဋိပက္ခဘေးသင့်မှုများအတွင်း လူငယ်ထုများ၏ ရုန်းကန်နေရမှုများ၊ စိန်ခေါ်မှုအခက်အခဲများနှင့် ဆက်စပ် စပ်လျဉ်းသည့် ဖြစ်ပျက် ပြောင်းလဲမှုများဆိုင်ရာ တွေ့ရှိချက်၊ အချက်အလက်များကို ပြုစု မှတ်တမ်းတင် စီစစ်ပြီး ဖေါ်ပြထားပါသည်။

# မာတိကာ

1. နိဒါန်း
2. ရှမ်းတောင် စစ်ပဋိပက္ခဆိုင်ရာဖြစ်စဉ် အခြေအနေများ
3. စစ်ဘေးတိမ်းရှောင် အရပ်သားပြည်သူများ၏ အခြေအနေများ
4. စစ်ဘေးတိမ်းရှောင်ပြီး နေရပ်ပြန်လာသူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ အခြေအနေများ
5. စစ်ဘေးသင့် အရပ်သားပြည်သူများ၏ လုံခြုံရေး၊ လူမှုစီးပွါးဘဝအခြေအနေများနှင့် ၎င်း၏ ထင်ဟပ်ချက်များ
6. လွတ်လပ်စွာထုတ်ဖော်ခွင့်များဆိုင်ရာ အခြေအနေများနှင့် ဒေသတွင်းသတင်းထုတ်ဖော်မှုများအပေါ် အာဏာပိုင် အစုအဖွဲ့များ၏ တုံ့ပြန်မှုများ
7. စစ်ပဋိပက္ခများကြားမှ လူငယ်ထုများ၏ ဘေးဒုက္ခ၊ ကြုံရသည့်စိန်ခေါ်ချက်များနှင့် သူတို့၏ ဖြေကြား၊ တုန့်ပြန်မှုများ
8. နိဂုံး
9. အင်အားစုများအသီးသီးသို့ အကြံပြုတောင်းဆိုချက်များ

---

# နိဒါန်း

ရှမ်းပြည်တောင်ပိုင်းဒေသရှိ အပြစ်မဲ့ပြည်သူများသည် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများကြောင့် စစ်ဘေးရှောင်များ အချိန်နှင့် အမျှ အသက်လု၊ ထွက်ပြေးနေကြရသည်မှာ အချိန်ကာလအားဖြင့် နှစ်ချီလာပြီဖြစ်သည်၊ စစ်ကောင်စီမှ လေကြောင်း နှင့် လက်နက်ကြီး ပစ်ခတ်မှု မပြုလုပ်ခင် ၂ရက် ၃ ရက် အလိုများတွင် စစ်ကောင်စီ ဘက်မှ စစ်သားများ နှင့် ၎င်း၏ မိသားစုဝင်များအား လျှို့ဝှက်ကြိုတင်သတင်းပေးပို့ပြီး ဘေးလွတ်ကင်းရာသို့ စောနှင့်စွာ ရွှေ့စီစဉ်ပြောင်းထားကြသော်လည်း သာမန်အရပ်သားပြည်သူများအား စစ်ဘေးမရှောင်ဖို့ စကစဘက်မှ ညွှန်ကြားခဲ့ခြင်း နှင့် ထွက်ပြေးပါက စစ်ဘေးရှောင်များ ၏ အိုးအိမ်စည်းစိမ်များအားသိမ်းယူမည်ဟု ခြိမ်းခြောက်ခံရခြင်းရှိသည်။ လက်တွေ့တွင်လည်း အိမ်ဖောက်ဖျက်ဆီးခံရ ပစ္စည်းခိုးယူခံရမှုများလည်း လက်တွေ့ကြုံတွေ့နေရသလို လက်ရှိတွင်လည်း စစ်ဘေးရှောင်များမှ အလံဖြူထောင်ပြီး ဝမ်းရေးအတွက် မိမိတို့၏ အရပ်သားကားဖြင့် နေရပ်သို့ ပြန်သွားသော်လည်း စစ်ကောင်စီ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် အရပ်သား စုစုပေါင်း ၁၀၂ ဦး၊ ထိခိုက်ဒဏ်ရာ ၁၅၀ ဦး၊ လေကြောင်းနှင့် လက်နက်ကြီး ပတ်ခတ်မှုများကြောင့် အရပ်သား နေအိမ်၊ ဘာသာရေးအဆောက်အဦးနှင့် စာသင်ကျောင်းများ အပါအဝင် အဆောက်အအုံ တစ်ထောင့်သုံးရာ ( ၁၃၀၀ ကျော် ) ထိခိုက်ပျက်စီးခဲ့ပြီးဖြစ်သည်။

လူငယ်များ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ တော်လှန်ရေး အင်အားစုများဘက်မှ လူထုများ ထိခိုက်နစ်နာမှု လျော့နည်းစေရန် စစ်မဖြစ်ခင်တွင် လူထုများအား ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ရန် သတင်းပေးခြင်းများ ပြုလုပ်လျက်ရှိသလို စစ်ဖြစ်နေသည့် အချိန်အတွင်းတွင်လည်း မြေပြင်အခြေအနေ မတည်ငြိမ်သေးသည့်အတွက် မိမိ နေရပ်သို့ မပြန်လာသေးရန် ညွှန်ကြားထားလျှက်ရှိသည်။

အသက်ဘေး နှင့် ဝမ်းရေး အတွက် ဒုက္ခမျိုးစုံ ကြုံတွေ့နေရသည့် စစ်ဘေးရှောင်များအား ထိရောက်သည့် ကူညီမှု မရှိသည့်အခြေအနေ မရှိသည့်အပြင် အကူအညီများ ပေးရာတွင်လည်း ဒေသခံများအချင်းချင်း ကူညီမှုများမှာ ယာယီမျှသာ ခံနိုင်ရည် ရှိနေသည်။ ထို့အတွက်ကြောင့် လူငယ်များမှ စစ်ဘေးရှောင်များ ကူညီဆောင်ရွက်ရာတွင်လည်း ဖိအား နှင့် အန္တာရယ်မျိုးစုံ စိန်ခေါ်ချက်များစွာလည်း ကြုံတွေ့နေရသည်။

စစ်ကောင်စီမှ စစ်ဘေးရှောင်များ ကူညီရန် ဆက်သွယ်သွားသည့်လမ်းများအား ပိတ်ဆို့ခြင်း၊ စားနပ်ရိက္ခာနှင့် ဆေးဝါးများ ပေးမသွားပဲ ဖြတ်တောက်ခြင်း၊ စစ်ဘေးကာလလူထု၏ အသက်မွေးဝမ်းကြောင်းဖြစ်သည့် မြေယာများအား ပြန်မပေးခြင်း၊ အင်တာနက်နှင့် သတင်းများဖြတ်တောက်ခြင်းများ လုပ်ဆောင်လျက်ရှိနေသည်။ စစ်ဘေးရှောင်များအား ဖမ်းဆီးခြင်း အပါအဝင် စားနပ်ရိက္ခာများအား ပေးပို့သည့်သူများအား ဖမ်းဆီးခြင်း ၊ ရိက္ခာများအား သိမ်းယူခြင်းများ နှင့် ရင်ဆိုင်နေကြရသည်။

ထို့အပြင် စစ်ကောင်စီ လက်အောက်ခံ ပြည်သူစစ်များသည်လည်း လူသားချင်းစာနာထောက်ထားရေးခေါင်းစဉ်များဖြင့် ကော်မတီများအား ဖွဲ့စည်းစေခြင်းများ ပြုလုပ်စေလျက်ရှိသည်။ အဆိုပါ ကော်မတီ၏ ကြိုးကြပ်ကွပ်ကဲမှု စစ်ဘေးရှောင် အကူအညီများအား ၎င်းတို့ နှစ်သက်ရာ ဒေသ နှင့် လူမျိုးများသာ ဦးစားပေးပြီး နိုင်ငံရေးအရ အကျိုးအမြတ် ရယူလျက်ရှိနေသည့်အတွက် အခြားတိုင်းရင်းသား နှင့် ဘာသာခြားများအား ခွဲခြားကူညီလျက်ရှိနေသည်။ ၎င်းတို့ ထိန်းချုပ်ရာနေရာများသို့ စစ်ဘေးရှောင်များ

သွားရောက်ရှောင်ရှားဖို့အတွက်လည်း စိုးရိမ်နေကြရသည်။ ထို့ပြင် စစ်ကောင်စီမှ လက်အောက်ခံပြည်သူ့စစ်အား တပ်သားစုဆောင်းခြင်းများ လက်နက်တပ်ဆင်ခြင်းများ အပါအဝင် ရိက္ခာ နှင့် ငွေကြေး ကောက်ယူခြင်းများလည်းပြုလုပ်လျက်ရှိနေသည်။ စစ်ဘေးရှောင်များ၏ အဓိက ရင်ဆိုင်နေရသည်မှာ ဖြတ်လေးဖြတ် သာမက ဖြတ်ငါးဖြတ် ခံနေရခြင်း နှင့် စစ်ကောင်စီဘက်မှ စစ်ဘေးရှောင်များ ရှိနေသည်ကို လက်မခံခြင်း နှင့် စစ်ဘေးရှောင်များအား ပေးသည့်အကူအညီများအား စစ်ကောင်စီ အပါအဝင် စစ်ကောင်စီ လက်အောက်ခံ အသွင်ပြောင်းပြည်သူ့စစ်များမှ ထိန်းချုပ်လျက်ရှိနေသည်။ ထိုထိန်းချုပ်မှုများမှ တဆင့် နိုင်ငံရေးအာဏာ ရယူလိုမှု နှင့် စစ်အာနာရှင် စနစ် သက်ဆိုးရှည်စေရေးအတွက် အသုံးပြုလျှက်ရှိနေသည်။ စစ်ကောင်စီ၏ စစ်မှုထမ်း ဥပဒေကြောင့်လည်း စစ်ဘေးရှောင်မှုများ ပိုတိုးလာသည့်အပြင် စစ်ဘေးရှောင်များ အား တပ်သားအဖြစ်အဓမ္မ စုဆောင်းခြင်းအပါအဝင် စစ်ဘေးရှောင်များ ကူညီနေသည့် လူငယ်များ နယ်စပ်ပြည်ပထွက်ပြေးတိမ်းရှောင်နေကြရသည့် အတွက် စစ်ဘေးရှောင်များ ရုပ်ပိုင်း စိတ်ပိုင်း အထွေထွေအကြပ်အတည်းများ ရင်ဆိုင်နေရသည်။

လက်တွေ့တွင်လည်း စစ်ကောင်စီမှ ထိန်းချုပ်လျက်ရှိသော စစ်ဘေးရှောင်အကူအညီများသည်လည်း အဓိက စစ်ဘေးရှောင် ပြည်သူများဆီ မရောက်ပဲ စစ်တပ်၏ စစ်ဘေးရှောင်မိသားစုများ အပါအဝင် စစ်ရေးနှင့် တပ်သားစုစောင်းမှုများအတွက် ဦးစားပေး အလွဲသုံးစားပြုလုပ်လျက်ရှိနေကြသည်ကို အချို့သော အလှူရှင်များ နိုင်ငံတကာ အလှူရှင်များမှ သတိထားဆောင်ရွက်သင့်သည်။

စစ်ဘေးရှောင်သံသရာလည်နေရသည့် အရေးများ အမှန်တကယ် ထိရောက်စွာ ဖြေရှင်းလိုပါက အစိုးရမဟုတ်သည့် အာဏာရှင် စစ်ကောင်စီ နှင့် ကင်းလွတ်သည့် လူသားချင်းစာနာကူညီရေး အပါအဝင် နိုင်ငံရေး စစ်ရေး အမျိုးသားရေး တန်းတူညီမျှမှုမရှိသည့် ပြဿနာဖြစ်နေသည်ကိုပါ ထည့်သွင်း စဉ်းစား ဖြည့်ဆည်း ဆောက်ရွက်ဖို့ လိုအပ်သလို စစ်အာဏာရှင်စနစ်သည် ဒီမိုကရေစီ စနစ်ကို ရဲရဲတင်းတင်း စိန်ခေါ်နေပြီ ဖြစ်သောကြောင့် စစ်ကောင်စီနှင့် တိုက်ရိုက်ဖြစ်စေ တွယ်ဝိုက်ဖြစ်စေ၊ အနည်းအကျဉ်းဖြစ်စေ အများအပြောက်အများဖြစ်စေ လူသားချင်းကူညီမှုမှ နိုင်ငံရေး ရပ်တည်မှု ဖြစ်သွားစေသည်ကို အလှူရှင် မိတ်ဆွေအဖွဲ့အစည်းများမှ သတိထားကြီးစွာ ပြန်လည်သုံးသပ်စေလိုသည်။

---

**ပအိုဝ်းလူငယ်အစည်းအရုံး - PYO**

( ၂၉ ရက်နေ့ - ဇူလိုင်လ - ၂၀၂၄ ခုနှစ် )

# စစ်ပဋိပက္ခဖြစ်စဉ်အခြေအနေများ

## ဒေသတွင်း လက်ရှိ စစ်ရေးအခြေအနေများ

၂၀၂၄ ခုနှစ် ဇူလိုင်လ တလလုံးနီးပါးခန့်၊ ပင်လောင်းမြို့နယ် တောင်ဘက်ပိုင်း ဆောင်းပြောင်းဒေသဖက်တွင် ဇွန်လ ၃၀ရက်ခန့်ကတည်းက တကြော့ပြန် ပြန်လည်ဖြစ်ပွါးလာခဲ့သည့်၊ အာဏာသိမ်းစစ်ကောင်စီ အပေါင်းအပါတပ်များ နှင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်သော တော်လှန်ရေးတပ်ဖွဲ့တို့ **( KNDF ၊ ရှမ်းတောင် မဟာမိတ်ပူးပေါင်းတပ်ဖွဲ့များ...)** မြေပြင်တိုက်ပွဲများ အတွင်း စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုများ၊ ဒရုန်းဗုံးကြဲတိုက်ခိုက်ခြင်းများနှင့် လေကြောင်းတိုက်ခိုက်ခြင်းများ ဆက်တိုက်ဖြစ်ပွါးခဲ့၊ ဖြစ်ပွါးဆဲဖြစ်သည်။

၂၀၂၄ ဇွန်လ တတိယပတ်ခန့်အထိ ပင်လောင်းမြို့နယ် တောင်ဘက်ပိုင်းရှိ နေရာ ဒေသအချို့တွင် တိုက်ပွဲငြိမ်လာနေသော်လည်း၊ အရပ်သားများအနေဖြင့် နေရပ်ပြန် နေထိုင်နိုင်ခြင်းမရှိသေးပေ။ ၂၀၂၄ ခုနှစ် ဇူလိုင်လအထိ စစ်ဘေးတိမ်းရှောင်နေရဆဲ ရှမ်းတောင်ဒေသမှ အရပ်သားပြည်သူပေါင်း တသိန်းခွဲဦး(၇၀၀၀၀ ဦး) နှင့်အထက်ခန့် ရှိနေသေးသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်အစပိုင်းရက်များမှ ပြန်လည်ဖြစ်ပွါးလာသည့် ပင်လောင်းဒေသ၏ တကြော့ပြန် စစ်ပဋိပက္ခများအတွင်း မြေပြင်တိုက်ပွဲနှင့် အပြန်အလှန် ပစ်ခတ်မှုများအတွင်း ကလေးအပါအဝင် အရပ်သားများ ရာဂဏာန်းနှင့်ချီပြီး ထွက်ပြေးတိမ်းရှောင်ခွင့် မရခြင်း၊ စစ်ပွဲဇုန်အတွင်း ပိတ်မိခြင်းများအပြင်၊ PNA တပ်ဖွဲ့နှင့် စစ်ကောင်စီတပ်ဖွဲ့များက အရပ်သားများ စုပိတ်မိနေသည့် နေရာများတွင် ဝင်ရောက်နေရာယူပြီး အရပ်သားများကို စစ်လက်နက်သဖွယ် လူသားဒိုင်းများအဖြစ် အသုံးပြုခြင်း ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့်အတွက် အရပ်သားများ ထိခိုက်ဒဏ်ရာရ၊ သေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

စစ်တပ်အာဏာသိမ်း(၂)နှစ်အကြာ၊ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ- မတ်လအတွင်း၌၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ် နမ့်နိန်း၊ တောင်မဲသင်းနှင့် လုံးပြင်ကျေးရွာတို့တွင် စစ်ကောင်စီ၊ PNA နှင့် KNDF ၊ တော်လှန်ရေးအင်အားစုတို့ အကြား စတင်တိုက်ပွဲဖြစ်ပွားခဲ့ပြီး၊ ထိုကာလအတွင်း ဒေသခံပြည်သူများ (၅)ထောင်နှင့်အထက် ထွက်ပြေးတိမ်းရှောင်ကြရခြင်းနှင့်

အရပ်သားအစုလိုက်အပြုံးလိုက် သတ်ဖြတ်ခံရသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။ ယခု၂၀၂၄ ဇူလိုင်လတွင် - ၂၀၂၄ ခုနှစ် နှစ်စတွင် ဒုတိယအကြိမ် ထပ်မံကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာသည့် ရှမ်းတောင်စစ်ပဋိပက္ခ (၆)လတာ ကြာမြင့်လာနေပြီ ဖြစ်သည်။ ဤတကြော့ စစ်ပဋိပက္ခသည် ဇန်နဝါရီ နောက်ဆုံးပတ်မှ စတင်ဖြစ်ပွားခဲ့ရာမှ ဖေဖော်ဝါရီလ၊ မတ်လအထိ၊ ဒေသတွင်း ပြင်းထန်တိုက်ပွဲဖြစ်ခဲ့ပြီး၊ ဧပြီလထဲရောက်လာချိန်တွင် ဆီဆိုင်နှင့် ပင်လောင်း မြို့နယ်ရှိ ဒေသအချို့တွင် တိုက်ပွဲအရှိန်ကျဲလာရာမှ ယခုဇွန် - ဇူလိုင်လများထဲပြန်ရောက်ရှိလာချိန်တွင် တကြော့ပြန်တိုက်ပွဲပြန်လည်ဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဧပြီ၊ မေနှင့် ဇွန်လများတွင် လက်နက်ကြီးပစ်ခတ်မှုများ ထိတွေ့တိုက်ပွဲများလည်း အကြိမ်ရေတဖြည်းဖြည်း ပိုနည်းလာခဲ့ရာမှ ဇူလိုင် တတိယပတ်လပတ်ထဲအရောက်တွင်၊ ဒေသတွင်း တကြော့ပြန်တိုက်ပွဲပြန်လည်ပြင်းထန်လာပြီး စစ်ရှောင်ကြရသည့် ဒေသခံပြည်သူများ၏ အရေအတွက်သည်လည်း အဆမတန် ပြန်လည်မြင့်တက်လာနေသည်။ လက်ရှိအချိန်ထိ နှစ်ဖက် စစ်ရေးတင်းမာမှုသည်လည်း ပြင်းထန်နေလျှက်ရှိသည့်အပြင် စစ်မျက်နှာအသီးသီးသို့ အင်အားဖြည်းတင်းမှုသည်လည်း နှစ်ဖက်လုံးတွင် တွေ့ရှိရသောကြောင့် ရှမ်းတောင်စစ်ပဋိပက္ခဆက်လက်ပြင်းထန်လာမည်ဟုဖြစ်ကြောင်း စစ်ရေးလေ့လာ သုံးသပ်သူများက ဆိုကြသည်။ ယခုတကြော့ပြန် ရှမ်းတောင်ပင်လောင်းမြို့နယ်တွင် တွေ့ရှိရသည့်ဖြစ်စဉ်မှာ - စစ်ပွဲတိုက်ပွဲဖြစ်ပွားသည့်နေရာဒေသများ၊ လက်နက်ကြီးနှင့် ဒရုန်းပစ်ခတ်မှုဖြစ်ပွားသည့် နေရာဒေသများက ဒေသခံပြည်သူများသည် ပိတ်မိခြင်းများ ဖြစ်ပေါ်နေလျှက်ရှိပြီး/ အချို့ကျေးရွာတွင် ထွက်ခြင်းများ ပြုလုပ်နိုင်သော်လည်း မည်သည့်နေရာကို စစ်ရှောင်ကြရခြင်းများ မသိရှိသောကြောင့်၊ နေရာများ မရရှိသောကြောင့် တိုက်ပွဲဖြစ်နေသော ကျေးရွာများ အနီးပတ်ဝန်းကျင်အတွင်းတွင်သာ နေထိုင်ရပြီး ထွက်လာခြင်း မပြုလုပ်နိုင်သေးသည် ကိုလည်း တွေ့ရသည်။ ပင်လောင်းမြို့နယ်ကျေးရွာအချို့တွင် စစ်ရှောင်ဒေသခံပြည်သူများကို ဒေသသို့ဝင်ရောက်ခြင်းကို လက်ခံခြင်း မပြုသည်များ ဖြစ်ပေါ်နေပြီး စစ်ရှောင်ရှိသည့်အရပ်တိုင်းသည့် စစ်ပွဲတိုက်ပွဲများ ဖြစ်ပွာနိုင်သည် ဆိုသည့် အပြောဆိုများ၊ အယူအဆများကို ကိုင်စွဲထားသည့်ခြင်းရှိသည့်အတွက် စစ်ရှောင်ပြည်သူများအတွက် စစ်ရှောင်ပြည်သူမျာအနေဖြင့် ခွဲခြားဆက်ခံမှုများနှင့် တွေ့နေကြရကြောင်း စစ်ရှောင်အရေး လုပ်ဆောင်နေသူများက ဆိုကြသည်။
စစ်ရှောင်ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များနှင့် စပ်လျဉ်း၍ နှစ်ပိုင်းတွေ့ရှိရပြီး၊ ယခင်တိမ်းရှောင်သူများနှင့် ယခုတိမ်းရှောင်များ၏ လိုအပ်ချက်များလည်း ကွဲပြားသည်ကို တွေ့ရပြန်သည်။ ယခင်တိမ်းရှောင်ကြသည့် ဒေသခံပြည်သူများသည် စားနပ်ရိက္ခာကူညီပံ့ပိုးမှုး၊ ကျန်းမာရေးကူညီစောင့်ရှောက်မှုများ၊ ကလေးပညာရေး ပံ့ပိုးကူညီမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ကြခြင်းများ ဖြစ်သည်။ ယခုတိမ်းရှောင်ကြသည့် ဒေသခံပြည်သူများသည် ယာယီနေထိုင်နိုင်ရန် နေရာ၊ အအောက်အဦး၊ အဝတ်အထည်များ၊ စောင်များ၊ ဆေးဝါးများ၊ အရေးပေါ်စားနပ်ရိက္ခာများနှင့် အိုးခွက်ပန်းကန်များအပြင် ထိခိုက်ဒဏ်ရာရရှိသည့်စစ်ရှောင်များအတွက် ကျန်းမာရေးကုသရေးစရိတ် လိုအပ်လာသည်ကို တွေ့ရသည်။ မြေပြင်တိုက်ပွဲတည်ငြိမ်မှုရှိလာသည့်နေရာဒေသနှင့် ဖိအားပေးမှုကြောင့် နေရပ်ကို ပြန်လာကြရသည့် ဒေသခံပြည်သူများသည်လည်း စားနပ်ရိက္ခာ၊ ကျန်းမာရေးဆေးဝါးများနှင့် ကလေးပညာရေးဆိုင်ရာ၊ ပြန်လည်ထူထောင်ရေးလုပ်ဆောင်နိုင်သည့် ကူညီပံ့ပိုးမှုများ ဆက်လက်လိုအပ်နေကြသည်ကို တွေ့ရသည်။

ဆီဆိုင်မြို့နယ်၊ အရှေ့မြောက် ထမ်းယမ်ဒေသတွင် ၂၀၂၄ နှစ်စပိုင်း အချိန်များကတည်းက PNA တပ်ဖွဲ့နှင့် PNLA တို့ စစ်ရေးတင်းမာနေသည့် ဒေသဖြစ်သည်၊ ဇွန် - ဇူလိုင်လတွင်လည်း အဆိုပါထမ်းယမ်ဒေသတွင် PNLA နှင့် PNA တပ်ဖွဲ့များ၏ စစ်ရေးတင်းမာမှုများ၊ ရုံဖန်ရုံခါထိတွေ့တိုက်ပွဲများ နှင့် ဒေသခံအရပ်သား၊ ရွာသားများကို PNA တပ်ဖွဲ့ဝင်များက ကျေးရွာတွင်း လူမြင်ကွင်းများ ရှေ့တွင် သတ်ဖြတ်ခြင်း နှင့် စိုက်ပျိုးတောင်သူ ဒေသခံများကို တောင်ယာခြံများသို့ အချိန်အကန့်အသတ်ဖြင့်သာ သွားခွင့်ပေးခြင်း၊ ကျေးရွာအနီးများတွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားပါက ရွာသားများကို ထွက်သွားခွင့်မပေးဘဲ ပိတ်ထားမှုများအပြင်၊ ဒေသခံရွာသားများ ကျေးရွာတွင်းတွင် ပြန်လည်နေထိုင်နေရသည့်တိုင် အချိန်မရွေး လက်နက်ကြီးပစ်ခတ်မှုများနှင့် တိုက်ပွဲများဖြစ်နိုင်ခြင်း စသည့် မလုံခြုံမှုများ ၊ အရပ်သားများ လူ့အခွင့်အရေးချိုးဖေါက်ခံနေရသည့် အခြေအနေများ ဆက်တိုက် ဖြစ်ပေါ်နေသည်။ အဆိုပါ ထမ်းယမ်ဒေသနှင့် ဆက်စပ်သော အနီးဝန်းကျင်ဒေသတွင်၊ ၂၀၂၄ ခုနှစ် ဇန္နဝါရီလ မှ ဇူလိုင်လအတွင်း၊ PNAနှင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်မှုများကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့အရပ်သား (   )ဦး ရှိနေပြီး ၊ ထိုသို့သတ်ဖြတ်မှုများနှင့် စပ်လျဉ်း၍

သတင်းပေါက်ကြားခြင်းများမဖြစ်စေရန်၊ ဒေသခံရွာသားများကို ခြိမ်းခြောက်ပြီး သတင်းအမှောင်ချ၊ ပိတ်ပင်တားဆီးနေကြောင်း ဒေသခံများက ပြောပြသည်။

ထို့အပြင် အဆိုပါ ထမ်းယမ်းကျေးရွာတွင်လည်း PNA တပ်သားများက တပ်စွဲ၊ နေထိုင်နေပြီး ဇူလိုင်လ ပထမအပတ်အထဲ၊ ကျေးရွာတွင်းအသုဘရှိသည့်အိမ်သို့ ဒေသတွင်းထုံးတမ်းများအရ အစောင့်အိပ်ပေးနေရသည့် ကျေးရွာကိုယ်စားပြု တာဝန်ကျ ထမ်းယမ်းကျေးရွာသား ၂ ဦးတို့သည်၊ အသုဘအိမ်မှ အပြန်လမ်း၊ ၎င်းတို့၏ ကျေးရွာအတွင်းတွင်ပင်၊ PNA တပ်ဖွဲ့များက လက်နက်များဖြင့် အန္တရာယ်ပြု၊ သတ်ဖြတ်ခဲ့သည့်အတွက် တဦးပွဲချင်းပြီး သေဆုံးပြီး၊ နောက်တဦးသည်လည်း ထိုPNA ခေါ်ဆောင်သွားခဲ့ပြီး ယခု တွေ့ရှိချက်စာတမ်း ပြုစုခဲ့သည့် ဇူလိုင်လ ၂၉ ရက်နေ့အထိ ပြန်လည်လွတ်မြောက်လာခြင်းမရှိသေးကြောင်းလည်း သိရသည်။

ဇူလိုင် ၆ရက်တွင်လည်း အဆိုပါထမ်းယမ်ဒေသ၏ အနီးဝန်းကျင်ရှိ နာခဲင်းကျေးရွာ၊ မီးရှို့ခြင်းခံခဲ့ရသည်။ အဆိုပါမီးရှို့ခြင်းဖြစ်စဉ်နှင့် ပတ်သတ်၍ PNLA နှင့် PNA တပ်ဖွဲ့တို့ကြား အပြန်အလှန် စွပ်စွဲနေကြပြီး၊ ထိုမီးရှို့ခံရသည့် နေအိမ်ထဲမှ နေအိမ်အချို့သည်PNLA နှင့် ပတ်သတ်ဆက်နွယ်နေသည်ဟု ဒေသခံများ၏ ပြောဆိုချက်များအရ သိရပြီး၊ ထိုရွာသည် လက်ရှိPNLA တပ်ဖွဲ့၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ခွန်ကျော်ထင်၏ ဇာတိရပ်ရွာလည်း ဖြစ်သည်။ ထိုဖြစ်စဉ်များအတွင်း PNA တပ်ဖွဲ့များက အဆိုပါ နားခဲင်းရွာသား (၁၁) ယောက်ကို ရိုက်နှက်၊ သတ်ဖြတ်၊ ဖမ်းဆီးမှုများ ရှိခဲ့သလို၊ ဘာသာအရေးအဆောက်အအုံ ၃လုံးနှင့် နေအိမ် တဒါဇင်ခန့်ကို ဖျက်ဆီးခဲ့သည်။ နေအိမ် ၁၆၀ ကျော်ကိုလည်း ဝင်ရောက်မွှေနှောက်ဖျက်ဆီးခဲ့ပြီး၊ ကား၊ ဆိုင်ကယ် အစီးပေါင်း ( ၃၀) ခန့်နှင့် အခြားပစ္စည်းများကို ယူဆောင်သွားခဲ့ခြင်းဖြစ်သည်။




PNA တပ်ဖွဲ့ဝင်များ၏ ပြောဆိုချက်များထဲတွင် ကျေးရွာများကို ဒေသလုံခြုံရေးအတွက် ခံတပ်များအဖြစ် သဘောထားပြီး ကာကွယ်ကြရန်၊ ရွာသားများလည်း ကျေးရွာများကို ကာကွယ်ရမည့် စစ်သားများအဖြစ်ခံယူပြီး ကျေးရွာမှ ထွက်ပြေးခြင်းမပြုရ၊ အရပ်သားသည် စစ်သား၊ စစ်သားသည်လည်း ရွာသား ဖြစ်ရမည် စသည့် ပြောဆိုချက်များပါဝင်သောကြောင့် ဒေသခံအရပ်သားများလည်း လုံခြုံရေးနှင့် ပတ်သတ်ပြီး များစွာ စိုးရိမ်နေကြကြောင်း ရွာလုံးကျွတ်လူငယ်များတက်ရသည့် PNA တပ်ဖွဲ့၏အခြေခံရက်တို စစ်သင်တန်းကို တက်ရောက်ခဲ့ဖူးသည့် လူငယ်တဦးက ၎င်း၏ အတွေ့အကြုံကို ပြောပြသည်၊ စစ်ကောင်စီနှင့် PNA တပ်ဖွဲ့များက ဒေသခံအရပ်သားများကို ၎င်းတို့၏ စစ်ရေးအသုံးချစရာတခုအဖြစ်၊ စစ်ရေးကစားကွက်တခု အဖြစ်သာ သဘောထားနေကြောင်း ထိုလူငယ်က ၎င်း၏အမြင်ကို ဆက်ပြောပြထားသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လ တတိယပတ်များအတွင်းတွင်လည်း ကရင်နီဒေသမှ စစ်တိမ်းရှောင်ပြည်သူ ၁၅၀၀၀ဦး (တသောင်းခွဲဦး)နှင့်အထက်ခန့် ခိုလှုံနေသော ဒေသဖြစ်သည့်၊ ညောင်ရွှေမြို့နယ်အတွင်းရှိ စံကားမြို့ ဆည်ခေါင်း၊ ကုန်းပြားနှင့် စံကားမြို့၏ တောင်ဘက်ရှိ ဟူးရန်စသည့် ဒေသများတကြောနှင့် ၎င်းနှင့်ဆက်စပ်သည့် ပင်လောင်းမြို့နယ်အပိုင်ရှိ ကျေးရွာများအချို့တွင် PNA တပ်ဖွဲ့များပါဝင်သော အာဏာသိမ်းစစ်တပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့ မြေပြင်ထိတွေ့တိုက်ပွဲများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ဖြစ်ပွါးနေစဉ် စစ်ကောင်စီနှင့် PNA တပ်သားများက၊ အရပ်သားများ၏ နေအိမ်နှင့် ဘာသာရေးအဆောက်အအုံများထဲတွင် ဝင်ရောက်တပ်စွဲနေယူထားနေကြကြောင်း သိရသည်။ ထို့ကြောင့် ထိုဒေသတွင်မှီခိုနေသည့် ကရင်နီဒေသမှ စစ်ရှောင်ပြည်သူများအပါအဝင် ၁၀ ရွာ ထက်မနည်းသော ၊ ဒေသခံအရပ်သား လူဦးရေပေါင်း (၁၀၀၀၀ - ၂၀၀၀၀) ဦးခန့်၊ နေရပ်မှ ညောင်ရွှေမြို့ရှိရာ မြောက်ဖက်ဒေသများနှင့် နီးစပ်ရာ အနီးပတ်ဝန်းကျင်ဒေသများသို့ ရှောင်တိမ်းခဲ့ရသည်။

# စစ်ဘေးတိမ်းရှောင်အရပ်သားများ၏ အခြေအနေများ

## စစ်ဘေးတိမ်းရှောင်နေရမှုများ

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့မှ ဇူလိုင်လအထိ ရှမ်းတောင်ရှိ ဆီဆိုင်၊ ဟိုပုံး၊လွိုင်လင်၊ မောက်မယ်၊ ညောင်ရွှေနှင့် ပင်လောင်း စသည့် များမှမြို့နယ်များမှ စစ်ဘေးတိမ်းရှောင်ခဲ့ရသည့် အရပ်သားဦးရေ ၁၅၀၀၀၀ (တသိန်းခွဲ)နှင့်အထက်ရှိခဲ့ပြီး ယခုဇူလိုင်လအထိ စစ်ရှောင်နေရဆဲ အရပ်သား ၇၀၀၀၀ ဦး နှင့်အထက်ရှိနေဆဲပင်ဖြစ်သည်။ ထို့အပြင် ရှမ်းတောင်ဒေသတွင်းသို့ ၂၀၂၁၊ ၂၀၂၂ ခုနှစ်များကတည်းကလာရောက် ခိုလှုံတိမ်းရှောင်နေခဲ့ကြသည့် ကရင်နီပြည်နယ် အရပ်သားပြည်သူပေါင်း ၅၀၀၀၀နှင့်အထက်ခန့် ရှိနိုင်ပြီး၊ ထိုကြောင့် ရှမ်းတောင်တွင် ယခု ၂၀၂၄ ခုနှစ် ဇွန်လပထမပတ်အထိ စစ်ဘေးတိမ်းရှောင်ပြည်သူဦးရေ စုစုပေါင်း ၁သိန်းနှင့်အထက်ရှိနေဆဲဖြစ်သလို နီးစပ်ရာ တောတောင်နှင့် ဒေသများတွင် တိမ်းရှောင်နေရဆဲ စစ်ဘေးတိမ်းရှောင်နေရသူများလည်း အများအပြားရှိနေဆဲဖြစ်သည်။



အချို့ဒေသများတွင် ဒေသတွင်း မြေပြင်ထိတွေ့တိုက်ပွဲများ ငြိမ်လာနေပြီ ဖြစ်သော်လည်း စစ်ပဋိပက္ခဘေးသင့်မှုများကြောင့် အခြေခံအဆောက်အအုံများအားလုံးနီးပါး ထိခိုက်ပျက်စီးမှုသွားမှုများကြောင့် နှင့် အချိန်မရွေး ဒေသတွင်းတိုက်ပွဲများ၊ စစ်ရေးတင်းမာမှုများ ဖြစ်လာနိုင်သည့်အတွက်ကြောင့်၊ ယာယီခိုလှုံစစ်ရှောင်နေသည့် နေရာများမှ နေရပ်သို့ သွားလိုက်၊ ပြန်လိုက် လုပ်နေရဆဲဖြစ်သည်။ မြေပြင်တိုက်ပွဲနှင့် လက်နက်ကြီးပစ်ခတ်မှုများ ယာယီငြိမ်နေသည့် ကာလများတွင် နေရပ်သို့ပြန်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လုပ်ခြင်း၊ တိုက်ပွဲအခြေအနေ တင်းမာလျှင် ပြန်လည်တိမ်းရှောင်လိုက်ခြင်း စသည့် နည်းများဖြင့် စစ်ပဋိပက္ခဖြစ်ပွါးနေသည့် အကျပ်အတည်းကာလကို အပြစ်မဲ့အရပ်သားပြည်သူများ ကျော်ဖြတ်နေကြရခြင်းဖြစ်သည်။

## စစ်ဘေးတိမ်းရှောင်ပြည်သူများ၏ လူမှုစီးပွါးဘဝအခြေအနေများ

စစ်ဘေးတိမ်းရှောင်သူများ၏ ၃ ပုံ ၂ ပုံခန့်သည် အခြေခံစားဝတ်နေရေး လက်လှမ်းမှီနိုင်ရန် အခက်အခဲ၊ စိန်ခေါ်ချက်များစွာဖြင့် အရေးပေါ်လိုအပ်မှုပမာဏ ပိုပိုမြင့်မားလာနေဆဲဖြစ်ပြီး၊ နီးစပ်ရာ တောတောင်နှင့် ဒေသများတွင် စစ်ဘေးတိမ်းရှောင်နေရဆဲ အရပ်သားပြည်သူများလည်း အများအပြားရှိနေဆဲဖြစ်သည်။ ၊ ဒေသတွင်း ကုန်ပစ္စည်းသယ်ယူခွင့်များကို စစ်ကောင်စီ စစ်ရေးဂိတ်များက ကန့်သတ်တားဆီးမှုများသည် စစ်ရှောင်ပြည်သူများ၏ စားနပ်ရိက္ခာနှင့် လူမှုဘဝအခြေခံလိုအပ်ချက် ရယူနိုင်မှုအခွင့်အရေး၊ လူသားအခွင့်အရေးကို ပိတ်ပင်ပြီး ချိုးဖေါက်၊ ကျူးလွန်း နေခြင်းဖြစ်သည်၊



စစ်ရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာ အကူအညီပေးရန် သွားရောက်သည့် ကားတန်းများနှင့် ၊ ကုန်ပစ္စည်းများ နည်းအမျိုးမျိုးဖြင့် တိုက်ခိုက်ခံရခြင်း၊ တားဆီးခံရခြင်းများ ရှိခဲ့၊ ရှိဆဲဖြစ်သည်၊ ထိုသို့ စားနပ်ရိက္ခာထောက်ပံ့ရေးအကူအညီပေးရေး လုပ်ငန်းများ ရာတွင်လည်း ကူညီပေးရေးအဖွဲ့များ၏ ဘေးကင်းလုံခြုံမှုအဆင့်များမှာလည်း စိုးရိမ်စရာဖြစ်နေခဲ့ရပြီး၊ စိန်ခေါ်မှုများစွာဖြင့် ကူညီပေးရေးလုပ်ငန်းများကို လုပ်ဆောင်နေကြရကြောင်း ၎င်းတို့ပြောချက်များအရ သိရသည်။

June ၊ July အတွင်း ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်များတွင် ပြန်လည်ဖြစ်ပွါးလာသည့် ဒေသတွင်းစစ်ပဋိပက္ခများကြောင့် ထပ်မံစစ်ဘေးတိမ်းရှောင်ခဲ့ရသည့် အရပ်သား ( ၁၅၀၀၀)နှင့် အထက်ရှိသည်။ ထိုထွက်ပြေးတိမ်းရှောင်လာသည့် စစ်ရှောင်ပြည်သူများအတွက် နေရာအခက်အခဲနှင့် စားဝတ်နေရေးဆိုင်ရာ အရေးပေါ်စားနပ်ရိက္ခာလိုအပ်ချက် မြင့်မားနေဆဲဖြစ်ကြောင်းသိရသည်။ အထူးသဖြင့် ပင်လောင်းဒေသရှိ၊ ဇွန်လ တတိယ - များမှ စပြီး တကြော့ပြန် စစ်ရေးပြန်လည်ဖြစ်ပွါးနေသည့် ဒေသများမှ စစ်ရှောင်အရပ်သားပြည်သူများသည်၊ လွန်ခဲ့သည့် မတ်- ဧပြီ လပိုင်းများအတွင်းမှာပင် တကြိမ်ထက်မရ စစ်ရှောင်ခဲ့ရပြီဖြစ်ပြီး၊ တိုက်ပွဲငြိမ်နေသော စိုက်ပျိုးရေးရာသီကာလအစအတွင်း နေရပ်သို့ စိုက်ပျိုးရေးလုပ်ရန် ပြန်သွားကြရာမှ ရက်ပိုင်းအတွင်းတွင်ပင် တဖန် စစ်ဘေး ပြန်လည်တိမ်းရှောင်ခဲ့ကြရသည့်အတွက် စားနပ်ရိက္ခာများ မပါလာနိုင်သည့် ပြည်သူအများအပြားရှိနေကြောင်းသိရသည်။ ရှမ်းတောင်စစ်ပဋိပက္ခအတွင်း အရေးပေါ် စားနပ်ရိက္ခာ လုံလောက်စွာ မရရှိခြင်း၊

ကျန်းမာရေးစောင့်ရှောက်မှုများမရရှိခြင်း၊ အစားအဟာရ ပြတ်လတ်မှု နှင့် သုံးစွဲသောက်သုံးရေ မရရှိခြင်းများကြောင့် သေဆုံးသွားရသည့် အရပ်သားမွေးကင်းစကလေးငယ် အနဲဆုံး ၃ ဦး ရှိသည်။ ထို့အပြင် ယခု ရောဂါထူပြောသည့် မိုးရာသီရောက်ကာလအတွင်း စစ်ဘေးတိမ်းရှောင်နေရသည့်အတွက် အရေးပေါ်ဆေးဝါးများဆိုင်ရာ အကူအညီနှင့် တကိုယ်ရည်သုံးပစ္စည်းများ များစွာလိုအပ်လာနေကြောင်း စစ်ရှောင်များအရေး ကူညီပေးနေသူများက ဆိုသည်။

စစ်ဘေးတိမ်းရှောင်နေကြရသည့် စစ်ရှောင်ပြည်သူများအတွက် စားဝတ်နေရေး၊ အခြေခံလိုအပ်ချက်များလည်း စစ်တိမ်းရှောင်နေရသည့် အချိန်ကာလ အတိုင်းအတာ ကြာမြင့်လာလေလေ၊ လိုအပ်ချက် ပိုမိုမြင့်တက်လာနေပြီး အရေးပေါ် စားဝတ်နေရေးဆိုင်ရာ ထောက်ပံ့ပေးမှု အကူအညီများ အမြန်လိုအပ်နေသည်။ မိုးရာသီအတွင်း ဖြစ်လေ့ဖြစ်ထရှိသည့်၊ ဖြစ်ပွါးနေသည့် ရောဂါဘယများကြောင့်လည်း အခြေခံစားဝတ်နေရေးဆိုင်ရာလိုအပ်ချက်နှင့် လူမှုဘဝလုံခြုံရေး ယိုယွင်းလာနေမှု ထုထည်၊ ပမာဏကို ပိုမိုမြင့်မားလာစေပြီး၊ အခြေခံလူမှုဝန်ဆောင်မှုများကို လက်လှမ်းမှီနိုင်ရန် ခက်ခဲနေသည့် စစ်ဘေးတိမ်းရှောင်ပြည်သူများအပေါ် သက်ရောက်မှုအား ပြင်းထန်နေသည်။

အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်၊ နာတာရှည်ရောဂါရှိများတွင်၊ သက်ရောက် ထိခိုက်မှု ပိုမိုကြီးမားနေသည်ကို တွေ့ရသည်။ မိမိ ဒေသတွင်း စစ်ပဋိပက္ခစစ်အရှိန်များ လျော့ခတ်မှု အတိုင်းအတာ များအပေါ် မူတည်ပြီး ၊ နေရပ်သို့ ကျန်ရှိနေသည့် အခြေခံစားနပ်ရိက္ခါနှင့် အခြားလိုအပ်သည့် ပစ္စည်းများကို ပြန်ယူကြမည့် စစ်ဘေးတိမ်းရှောင် အရပ်သားပြည်သူများကိုလည်း၊ တားဆီးသည့်အနေဖြင့် တပ်ဖွဲ့အသီးသီးတို့က သေနတ်များပစ်ဖေါက်ပြီး ၊ ဘေးကင်းလုံခြုံမှုအားနည်းနေသေးသည့် ဒေသတွင်းသို့ ဝင်ခွင့်များကို ကန့်သတ်ထားနေဆဲဖြစ်ကြောင်း သိရသည်။ သို့သော်လည်း PNA တပ်ဖွဲ့၏ ယူနီဖေါင်းကို ဝတ်ဆင်ခိုင်းထားပြီးမှ နေရပ်သို့ စားနပ်ရိက္ခာနှင့် ပစ္စည်းများကို ယာယီပြန်ယူခွင့်ခြင်း၊ စကစ တပ်များကို ငွေကြေးဖြင့် ပေးပြီး ၊ နေရပ်သို့ ပစ္စည်းပြန်ယူခွင့်တောင်းနေရကြောင်းလည်း သိရသည်။ PNA တပ်ဖွဲ့၏ ဝတ်ခိုင်းသည့် စစ်ဝတ်စုံ ဝတ်နိုင်သူများနှင့် ဒေသတွင်း ဆက်သွယ်ရေးပိတ်ထားသည့် လမ်းများတွင် စခန်းချ ကင်းစောင့်နေသည့် စစ်သားများကို ငွေကြေးပေးနိုင်သည့် စစ်ရှောင်ပြည်သူများသာ နေရပ်သို့ စားနပ်ရိက္ခာပြန်ယူခွင့်ရနေကြခြင်းဖြစ်သည်။

## လုံခြုံရေးအခြေအနေ

စစ်အာဏာသိမ်းပြီးနောက် ရှမ်းတောင်ဒေသတွင်း အရပ်သားများ၏ လုံခြုံရေးသည် နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်ခံနေရသည်၊ ထိုများထဲမှ စစ်ပွဲဖြစ်ပွါးနေသောကြောင့် ဒေသတွင်းတွင် အန္တရာယ်ရှိနေသည့် အခြေအနေများမှ ရုန်းထွက်နေကြ၊ ရှောင်ပြေးနေကြသည့် စစ်ရှောင်သွားမည့် အရပ်သားပြည်သူများကို စစ်ကောင်စီနှင့် PNA တပ်ဖွဲ့များက တားပီးပိတ်ပင်ပြီး သွားခွင့်မပြုခဲ့သည့် ဖြစ်စဉ်များ ၂၀၂၁ ခုနှစ်ခန့်ကတည်းက ဖြစ်ပွါးခဲ့သည်။ ၂၀၂၄ ဇန္နဝါရီလ၌လည်း တိုက်ပွဲဖြစ်နေစဉ် ချက်ချင်းရှောင်တိမ်းခြင်းမပြုနိုင်၍

စစ်ပဋိပက္ခနယ်မြေအတွင်း ပိတ်မိနေသေးသည့် ထောင်နှင့်ချီသော အရပ်သားပြည်သူများ ဒေသမှထွက်ပြေးလာချိန်တွင် အဓိကဆက်သွယ်ရေးလမ်းမကြီးများကို အာဏာသိမ်းစစ်ကောင်စီ နှင့် PNA တို့က ပိတ်ပင်ထားခဲ့သည်များရှိခဲ့သည်။ “တဖက်တွင်လည်း စစ်ပဋိပက္ခဇုန်သည်လည်း တဖြည်းဖြည့်ကျယ်ပြန့်လာနေသည့်အတွက် ခြုံလုံသော နေရာသို့ရောက်ရှိနိုင်ရန် အန္တရာယ်အမျိုးမျိုး၊ ခက်ခဲသည့် အခြေအနေအမျိုးပေါင်း များစွာဖြင့် ရင်ဆိုင်လာခဲ့ရကြောင်း”



ထိုကာလအတွင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် စစ်ရှောင်ရသူ၏ ဖြေကြားချက်များအရ သိရသည်။ ထိုသို့ အရပ်သားဒေသခံများ စစ်ပဋိပက္ခနယ်မြေများအတွင်း ပိတ်မိနေစဉ်တွင် အာဏာသိမ်းစစ်ကောင်စီ၏ အသိုင်းအဝိုင်းများက ၊ ထိုတိုက်ပွဲဖြစ်စဉ်များမဖြစ်ပွါးမီကာလများကတည်းကပင် ခြုံလုံသည့် နေရာများသို့ ကြိုတင်ရှောင်တိမ်းထားနေပြီဖြစ်သည်၊

အရပ်သားပြည်သူများ အဓိကအသုံးပြုနေသည့် လမ်းများအားလုံးကို စစ်ကောင်စီနှင့် PNA တို့ကပိတ်ပင်တားဆီးသည့် ဖြစ်ရပ်များနှင့် အရပ်သားများကို စစ်ပဋိပက္ခဖြစ်ပွါးမည့် ဇုန်အတွင်း ပိတ်ပင် ကန့်သတ်ထားသည့် ဖြစ်စဉ်၊ ဖြစ်ရပ်များထဲမှ - ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသ၏ စစ်ရေးတင်းမာခဲ့သည့် အချိန်အတွင်း၊ PNA နှင့် စစ်ကောင်စီတပ်ဖွဲ့များက မဲနယ်တောင်ဒေသရှိ ဒေသခံအရပ်သားများအား ကျေးရွာမှထွက်ပြေးတိမ်းရှောင်ခြင်းမပြုကြရန် အမိန့်ပေးခဲ့သည်များ ရှိခဲ့သည်။ ထိုနေ့ပိုင်းတွင်ပင် အဆိုပါမဲနယ်တောင်ဒေသတွင် မြေပြင်တိုက်ပွဲဖြစ်ပွါးခဲ့ပြီး စစ်ကောင်စီ၏ လေကြောင်းဗုံးကြဲတိုက်ခိုက်မှု အနဲဆုံး ၃ကြိမ်ရှိခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် စာသင်ကျောင်းအပါအဝင် နေအိမ်အဆောက်အအုံအများအပြား ပျက်စီးပြီး ကျေးရွာအတွင်း ပိတ်မိခဲ့သော အရပ်သားပြည်သူများထဲမှ ကလေးအပါအဝင် အရပ်သားထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများဖြစ်ပေါ်ခဲ့သည်၊

ထို့အပြင် အရပ်သားများ စစ်ရှောင်နေစဉ် ဘေးကင်းလုံခြုံမှုမရှိသေးသည့် ၎င်းတို့၏ နေရပ်သို့ပြန်လာကြရန် အာဏာသိမ်းစစ်ကောင်စီနှင့် PNAတပ်ဖွဲ့ဝင်များက ဖိအားပေးသည့် ကိစ္စရပ်များ၊ ဖေဖော်ဝါရီလမှ စတင်ပြီး စစ်ပဋိပက္ခ ဖြစ်ပွါးရာ ဒေသတိုင်းနီးပါးတွင် ဖြစ်ပွါးခဲ့သည်။ ပြန်လာခြင်းမပြုပါက နေအိမ်နှင့် ပိုင်ဆိုင်ပစ္စည်းများကို ချိတ်ပိတ်သိမ်းယူမည် ၊ ဖျက်ဆီးပစ်မည် စသော ပြင်းထန်သည့် ခြိမ်းခြောက်မှုများကြောင့် ဒေသခံများကလည်း နေရပ်သို့ အတင်းအကြပ်ဖြင့်၊ မဖြစ်မနေ ပြန်လာခဲ့ကြရသည်ဟု ကိုယ်တိုင်စစ်ရှောင်ပြည်သူ တကြိမ်ထက်မက ဖြစ်ခဲ့သူများက ပြောပြသည်။

# စစ်ရှောင်ပြည်သူများကို ခြိမ်းခြောက်၊ ဖိအားပေးပြီး နေရပ်ပြန်ခိုင်းသည့် ဖြစ်စဉ်များ

လွန်ခဲ့သည့် ၂၀၂၃ - ၂၀၂၄ ခုနှစ်အတွင်း ရှမ်းတောင်မှ ဆီဆိုင်၊ ညောင်ရွှေ၊ ဟိုပုံးနှင့် အခြားမြို့နယ်များတွင် စစ်ဘေးတိမ်းရှောင်နေကြသည့် စစ်ရှောင်အရပ်သားပြည်သူများကို စစ်ကောင်စီနှင့် PNA တပ်ဖွဲ့များက စစ်ပွဲဖြစ်ပွါးနေဆဲ ၎င်းတို့၏ နေရပ်ဒေသများသို့ ပုံစံအမျိုးမျိုးဖြင့် အတင်းဖိအားပေးပြီး ပြန်ခိုင်းသည့် ဖြစ်စဉ်များ (၄)ကြိမ်နှင့်အထက် ဖြစ်ပွါးခဲ့သည်၊



PNA ပြည်သူ့စစ် ထိန်းချုပ်နယ်မြေ ဒေသများတွင် ခိုလှုံစစ်ရှောင်နေကြသည့် စစ်ရှောင်အရပ်သားပြည်သူများကို PNA တပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်မှု၊ ဒေသခံများ၏ ခွဲခြားဆက်ဆံခြင်းများနှင့် ကြုံတွေ့နေရကြောင်း၊ ဤဖြစ်ရပ်မျိုးနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် စစ်ရှောင်တဦး၏ ပြောပြချက်များအရ သိရသည်။ တဖန် ရှမ်းတောင်ဒေသသို့ ထွက်ပြေးခိုလှုံလာသည့် ကရင်နီဒေသမှ စစ်ဘေးရှောင်ပြည်သူများသည် အခြားသော စစ်ရှောင်ပြည်သူများထက် ခွဲခြားဆက်ဆံမှုများနှင့် ပိုမိုကြုံတွေ့နေရကြောင်း ၎င်းတို့က ပြောပြသည်။ ထို့ကြောင့် ၂၀၂၂ နှစ်ပိုင်းများအတွင်း ကရင်နီပြည်နယ်၏ စစ်ရေးပြင်းထန်မှုများအတွင်းမှ ရှမ်းတောင်ဒေသဖက်သို့ ထွက်ပြေးခိုလှုံလာသော စစ်ရှောင်ပြည်သူများသည် အသွင်ပြောင်းဌာနေ ပြည်သူ့စစ်များ (PNA )၏ လွှမ်းမိုးမှုပိုမိုနဲပါးသည့် ဒေသများသို့ ပြောင်းရွှေ့ခိုလှုံခဲ့ကြခြင်းများရှိသည်။ ၎င်းဖြစ်စဉ်များနှင့် ဆက်စပ်သော PNA ၏ သတင်းပြန်ကြားသူများနှင့် ၎င်းတို့တပ်ဖွဲ့ဝင်များ၏ လူမှုကွန်ရက်စာမျက်နှာများ၏ ရေးသားဖေါ်ပြမှုများတွင်လည်း၊ လူမျိုးရေးမုန်းတီးရေးနှင့် စစ်ရှောင်နေသူများအားလက်ခံခြင်းမပြုရေး စသည့် ပြောဆို ရေးသားမှုများလည်း စစ်ပဋိပက္ခဖြစ်ပွါးရာ ကာလတလျှောက်လုံးတွင် တွေ့မြင်ရသည်၊

ရှမ်းတောင်ဒေသအတွင်း၊ ဆီဆိုင်မြို့နယ်အတွင်း စစ်ဘေးတိမ်းရှောင်နေသည့် ကရင်နီစစ်ဘေးရှောင်ပြည်သူများကို စစ်ကောင်စီနှင့် PNA တပ်ဖွဲ့များက ဖိအားပေးနေရပ်ပြန်ခိုင်းမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွါးနေပြီး၊ ၎င်းတို့၏ နေအိမ်၊ နေရပ်တွင် စစ်ပဋိပက္ခဖြစ်နေ၍ လုံခြုံမှုမရှိသေးသည့် အခြေအနေများကြောင့်၊ ထိုသို့ စစ်ကောင်စီတပ်ဖွဲ့များ၏ နေရပ်အတင်းအကျပ် ပြန်ခိုင်းခြင်းအပေါ် လိုက်နာ၊ လုပ်ဆောင်ရန် မဖြစ်နိုင်သေးသည့် စစ်ရှောင်ပြည်သူများ၏ ယာယီခိုလှုံ နေထိုင်ရာ အဆောက်အအုံ နေရာ၊ ဒေသများကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မောင်းထုတ်ခြင်းများ နှင့် အမျိုးမျိုးဖိအားပေးခြိမ်းခြောက်ခြင်းများကြောင့်၊ နီးစပ်ရာ အခြားမြို့နယ်များနှင့် ဒေသများသို့ ထပ်ဆင့်၊ ထွက်ပြေးတိမ်းရှောင်းခဲ့ရမှုများရှိခဲ့သည်။ ထိုသို့ထပ်ဆင့်စစ်ဘေးတိမ်းရှောင်စဉ်တွင်လည်း အာဏာသိမ်းစစ်ကောင်စီနှင့် အပေါင်းအပါတပ်များ၏ လမ်းပိတ်ဆို့ စစ်ဆေးမှုများ၊ တားဆီးမှုများကြောင့် အချိန်မရွေး ဘေးကင်းလုံခြုံရေးကင်းမဲ့မှု အခြေအနေများနှင့် အချိန်မရွေး ရင်ဆိုင်ရနိုင်ကြောင်း ထပ်ဆင့်စစ်ဘေးတိမ်းရှောင်သူများက PYO ၏ မေးမြန်းမှုကို ပြန်လည် ဖြေကြားထားသည်။

ထို့အပြင် ရှမ်းတောင်ဒေသရှိ စစ်ကောင်စီ၏ သက်ဆိုင်ရာ ဌာနများကကောက်ယူသည့် စစ်ဘေးတိမ်းရှောင်သူများစာရင်းများနှင့် ထိုဒေသတွင် ခိုလှုံနေထိုင်ကြောင်းသတင်းပေးထားရသည့် အမည်စာရင်းများ၌၊ အမည်များမပါဝင်သော (သို့မဟုတ်) အမည်စာရင်းမပေးလိုသော စစ်ရှောင်ပြည်သူများကို စားနပ်ရိက္ခာထောက်ပံ့မှုများ မပေးခြင်း၊ ကဲ့သို့သော ခွဲခြားဆက်ဆံမှုများနှင့် ကြုံတွေ့နေရကြောင်း စစ်ရှောင်ပြည်သူများထံမှ သိရသည်၊

အမည်စာရင်းများမပေးလိုသည့် စစ်ရှောင်ပြည်သူများသည် လုံခြုံရေးစိုးရိမ်ချက် အကြောင်းပြချက်များကြောင့် အမည်စာရင်းမပေးကြခြင်းဖြစ်သည်ဟု သိရသည်။ တဖက်တွင်လည်း ကရင်နီစစ်ရှောင်ပြည်သူများကို လက်မခံတော့ခြင်း စသည့် အသံများလည်း ဒေသအာဏာပိုင်များ၏ သတင်းကွန်ရက်များတွင် ပေါ်ထွက်လာသည့်နောက်ပိုင်းနှင့် အခြားဒေသမှ ရောက်လာသည့် စစ်ရှောင်ပြည်သူများကို စစ်ကောင်စီနှင့် ပူပေါင်းတပ်များ ပြင်းထန်စွာ စစ်ဆေးမေးမြန်းလာကြသည့်နောက်ပိုင်းကာလများတွင် လုံခြုံရေးစိုးရိမ်ချက်များအရ အမည်စာရင်းများမပေးနိုင်သည့် စစ်ရှောင်ပြည်သူအများအပြားရှိနေဆဲဖြစ်သလို၊ ထိုသို့ စာရင်းမပေးနိုင်သည့်အတွက် အရေးပေါ်အကူအညီထောက်ပံ့မှု ခွဲတမ်းများ မရရှိသည့် စစ်ရှောင်ပြည်သူအများအပြားရှိသည်။




ထို့အပြင် ၂၀၂၄ ခုနှစ် မတ်လအတွင်း ဆီဆိုင်မြို့နယ် တိုက်ပွဲအခြေအနေပြင်းထန်နေစဉ်၊ ဆီဆိုင်မြို့နယ် လာစရုကျေးရွာမှ ဖယ်ခုံမြို့နယ် အနောက်ပဒေါင်ရွာဘက်သို့ စစ်ဘေးတိမ်းရှောင်သွားကြသည့် အိမ်ထောင်စု ၁၀ စုခန့်ကို ၊ တော်လှန်ရေးတပ်ဖွဲ့ များနှင့် ဆက်စပ်မှုရှိသည် ဆိုသည့် အကြောင်းပြချက်များဖြင့် ၊ PNAတပ်ဖွဲ့မှ ၊ ၂၀၂၄ခုနှစ် ဇွန်လခန့်က စွပ်စွဲပြောဆိုပြီး၊ ထိုအိမ်ထောင်စုများမှ အိမ်ထောင်စုတစုစီလျှင် ကျပ်သိန်း ၁၀၀ ပေးဆောင်ရမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်အပေါ် သက်ဆိုင်သူများ၏ အပြန်အလှန်ဆွေးနွေးမှု၊ နောက်ဆုံးညှိနှိုင်းနိုင်မှုများအရ PNA တပ်ဖွဲ့ကို၊ ထိုအိမ်ထောင်စု တစုစီမှ တအိမ် ကျပ်သိန်း ၃၀ ဖြင့်၊၂၀၂၄ ဇွန်လ ၁၃ ရက်နေ့ကို နောက်ဆုံးသတ်မှတ်ရက်အဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်းထပ်သိရသည် ။ သို့သော် ၂၀၂၄ ဇူလိုင်လအထိ ထိုအိမ်ထောင်စုများလည်း တခြားဒေသများသို့ ထပ်ဆင့် ထွက်ပြေးတိမ်းရှောင်နေကြရပြီး၊ ထိုအနောက်ပဒေါင်ကျေးရွာမှ သူကြီးကိုလည်း တိမ်းရှောင်နေသည့် အဆိုပါ အိမ်ထောင်စုများ၊ ကျေးရွာတွင်းသို့ ပြန်လာပါက၊ ချက်ချင်းအသိပေးရန် PNA တပ်ဖွဲ့မှ ပြောထားကြောင်းလည်း နီးစပ်သူများက ဆိုကြသည်။

# နေရပ်ပြန်စစ်ဘေးတိမ်းရှောင်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာများ

## စားဝတ်နေရေးနှင့် လူမှုစီးပွါးဘဝအခြေအနေများ

နေရပ်သို့ ပြန်လာကြရသည့်တိုင် မလုံခြုံမှုများက နေတိုင်း၊ အချိန်တိုင်းတွင် ဖြစ်ပေါ်နေပြီး မလုံခြုံမှုအခြေအနေများကြောင့် သေဆုံးခဲ့ရသည့် အသက်အရွယ်ပေါင်းစုံ အရပ်သား ပေါင်း ၉၆ ယောက်ရှိသည့်အပြင်၊ ကိုယ်ခန္ဓာ ထိခိုက်ဒဏ်ရာသွားသည့် အရပ်သား ၁၄၂ ယောက်နှင့်၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာရသည့် အရပ်သားအမြောက်မရေမတွက်နိုင်အောင်ရှိခဲ့ပြီဖြစ်သည်။ အရပ်သားများကို နေရပ်များသို့ အတင်းအကျပ်ပြန်လာခိုင်းပြီး အန္တရာယ်ရှိ အပျက်အစီးအဆောက်အအုံများကို ရှင်းလင်းခိုင်းသည့် ဖြစ်စဉ်များလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေခဲ့ပြီး၊ ထိုစစ်ပွဲအတွင်း မပေါက်ကွဲသေးသည့် ကြွင်းကျန်လက်နက်ပစ္စည်းများ၏ ပေါက်ကွဲမှုအန္တရာယ်များကြောင့် အရပ်သားသေဆုံး ထိခိုက်ဒဏ်ရာရမှုနှုန်းသည်လည်း တလပြီးတလ ပိုပိုမြင့်တက်နေသည်။ ရှမ်းတောင်ဆီဆိုင်တိုက်ပွဲဖြစ်ပွါးခဲ့သည့် ဒေသရှိ နယ်မြေအများစုတွင် ကြွင်းကျန်လက်နက်နှင့်၊ မြေမြုပ်မိုင်း အန္တရာယ်များရှိနေဆဲဖြစ်ပြီး မိုင်းအန္တရာယ်ရှင်းလင်းမှုများလည်း ဆောင်ရွက်ပေးခြင်းမရှိသေးသလို ထိုနေရာအများစုသည် ဒေသခံအရပ်သားများ စိုက်ပျိုးရေးလုပ်ငန်းများ ပြုလုပ်နေကြသည့် နေရာများလည်းဖြစ်နေသည်။

တဖန် နေရပ်ပြန်လာနိုင်သည့် အရပ်သားပြည်သူများသည့် စီးပွါးဖြစ်သီးနှံများ ထပ်မံစိုက်ပျိုးလုပ်ကိုင်နိုင်ရန် အခက်အခဲများစွာ ရှိနေသည်။ အဆက်မပြတ်မြင့်မားလာနေသည့် အခြေခံ လူနေမှုဘဝသုံးကုန်ပစ္စည်းဈေးနှုန်းနှင့် ဆက်တိုက်ကျဆင်းနေသည့် မြန်မာနိုင်ငံ စီးပွါးရေးအကျပ်အတည်း ကပ်ဘေးဆိုက်မှုများအောက်ရှိ ပြည်သူများ၏ စိုက်ပျိုးရေးနှင့် အခြားထုတ်ကုန် ထွက်ရှိနှုန်းမှာလည်း၊ ယခင်နှစ်များထက် ရာခိုင်နှုန်းထက်ဝက်နီးပါး ပိုပိုကျဆင်းလာနေကြောင်း၊ ဒေသတွင်း စိုက်ပျိုးထွက်ကုန်ရောင်းဝယ်ရေးသမားများနှင့် စိုက်ပျိုးတောင်သူများက ဆိုသည်။ အများစုသော ဒေသခံပြည်သူများအနေဖြင့် ဒေသတွင်းမတည်မငြိမ်မှုများနှင့် စစ်ရေးအခြေအနေများသည်လည်း ခန့်မှန်းနိုင်သည့်အခြေအနေမရှိဘဲ အချိန်မရွေးပြင်းထန်လာနိုင်သည့်အတွက် ဇွန်လ ၊ ဇူလိုင်လများတွင် စတင်လုပ်ကိုင်ကြရမည့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်၊ အတော်စဉ်းစားရသလို သီးနှံစိုက်ပျိုးရေးနှင့် ပတ်သတ်ပြီး



နေရာတိုအတွင်း ရိတ်သိမ်းနိုင်သည့် သီးနှံများကိုသာရွေးချယ်စိုက်ပျိုးနေကြရကြောင်း စစ်ဘေးတိမ်းရှောင်ရာမှ နေရပ်ပြန်လာနိုင်သည့်ဒေသခံများက ပြောပြသည်။

ဒေသတွင်း သွားလာရေးနှင့် စပ်လျဉ်းပြီး စစ်ကောင်စီနှင့် PNA ၏ စစ်ဆေးဂိတ်များကို အဓိက ပို့ဆောင်ဆက်သွယ်ရေး လမ်းမနေရာရာအတော်များများတွင်း နေရာယူ၊ ချထားနေကြသည့်အတွက်၊ ဒေသတွင်းအရပ်သားပြည်သူများအတွက် ခိုင်လုံသော အထောက်အထားများတစုံတရာဖြင့် ဖြတ်သန်းသွားလာနိုင်သော်လည်း မူရင်းဒေသခံများမဟုတ်သည့် အရပ်သားပြည်သူများအဖို့ ဖြတ်သန်းသွားလာရာတွင် စိန်ခေါ်မှုများ၊ မလုံခြုံသည့် အခြေအနေများ များစွာရှိနေသည်။ ထိုစစ်ကောင်စီ၏ စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းသွားလာရာတွင်လည်း ယခင်ကာလများထက် စစ်ဆေးမေးမြန်မှုများ ပိုမိုတင်းကြပ်လာနေသလို၊ စားသောက်ကုန်နှင့် အခြားအရေးပေါ် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်မှုကို စစ်ကောင်စီဂိတ်များက ပမာဏအကန့်အသတ်ဖြင့်သာ သယ်ယူခွင့်ပြုထားသည့် ကိစ္စရပ်များကြောင့် အစားအသောက်နှင့် အခြေခံလိုအပ်ချက်များကို အခက်အခဲများစွာဖြင့် ဖြည့်ဆည်းနေရကြောင်း ဒေသခံများကဆိုသည်၊

ထိုသို့နေရပ်ပြန်ခိုင်းနေသည့် ဒေသအများစုသည့် အချိန်မရွေး စစ်တိုက်ပွဲပြန်ဖြစ်နိုင်သည့် အခြေအနေများဖြစ်နေသလို ဒေသအများစုသည်လည်း နှစ်ဖက်ထိတွေ့တိုက်ပွဲများ မကြာခဏ ဖြစ်ပွါးနေပြီး ပြန်လာကြသည့် အရပ်သားများလည်း မိမိနေရပ်သို့ ပြန်ရောက်နေသည့်တိုင် မတည်ငြိမ်သည့် အခြေအနေများ ဖြစ်ပေါ်လာပါက ရုတ်တရက် တိမ်းရှောင်ထွက်ပြေးနိုင်ရန်အတွက် အမြဲပြင်ဆင်၊ ထုပ်ပိုးထားနေရကြောင်း ဒေသသတင်းအရင်းအမြစ်များက ဆိုသည်။

## လုံခြုံရေးအခြေအနေ

ရှမ်းတောင် စစ်ပဋိပက္ခကာလများအတွင်းတွင် စစ်ဘေးတိမ်းရှောင်နေသည့် အရပ်သားများကို ဒေသအာဏာပိုင်များမှ နေရပ်သို့ အတင်းဖိအားပေးပြီး ပြန်လာခိုင်းသည့် ဖြစ်စဉ်၊ ဖြစ်ရပ်များသည် လက်နက်ကိုင်ပဋိပက္ခစတင်ဖြစ်ပွါးသည့် ဇန်နဝါရီလ လောက်ကတည်းကပင် ဖြစ်ပွါးနေပြီး ထိုသို့ အတင်းအကျပ်နေရပ်ပြန်ခိုင်းမှုများကြောင့် နေရပ်ပြန်လာရသည့် ဒေသခံအရပ်သားများအတွက် ဘေးကင်းလုံခြုံမှုများဆိုင်ရာ အခွင့်အရေးများ များစွာဆုံးရှုံးနေသည်ကို တွေ့ရသည်။

ထိုသို့ စစ်ရှောင်နေသည့်အရပ်သားများကို စစ်ကောင်စီနှင့် PNA က နေရပ်သို့ အတင်းအကျပ်ပြန်လာခိုင်းသည့်ဖြစ်စဉ်များသည် ၂၀၂၄ ဖေဖေါ်ဝါရီလတည်းကပင်ဖြစ်နေခဲ့သည်။ ရှမ်းတောင်ဒေသရှိ စစ်ပဋိပက္ခဖြစ်ပွါးခဲ့သည့် ဟိုပုံး၊ လွိုင်လင်နှင့် ဆီဆိုင် စသည့် မြို့နယ်များမှ စစ်ရှောင်ပြည်သူ အများစုမှာလည်း ဤကဲ့သို့သော ဖြစ်စဉ်များကို ၂၀၂၄ ခုနှစ် ဇူလိုင်လအထိ ကြုံတွေ့နေရဆဲဖြစ်ကြောင်း ကောက်ယူရရှိသည့် အချက်အလက်များအရ ဖေါ်ပြနေသည်၊

၂၀၂၄ ခုနှစ် ဧပြီ - ဇွန်လများအထိ စစ်ပဋိပက္ခဖြစ်ပွါးနေဆဲဖြစ်သည့် ဆီဆိုင်မြို့နယ်ရှိ တွင် ၂၀၂၄ ခုနှစ် ဇွန်လနောက်ဆုံးအပတ်များကာလများမှ စပြီး နေရပ်ပြန်လာကြသည့် ခန့်မှန်းခြေ အရပ်သား (၁၀၀၀၀ - ၃၀၀၀၀) ဦးခန့်ရှိနိုင်သည်။ ဇွန် - ဇူလိုင် လအတွင်း၌ပင် ထိုနေရပ်ပြန်လာသည့် အရပ်သားပြည်သူများ၏ ၃ ပုံ ၁ပုံခန့်ကလည်း ဒေသတွင်း စစ်ရေးပြင်းထန်လာနိုင်သည့်

အခြေအနေများကြောင့် တဖန်ပြန်လည်ရှောင်တိမ်းလိုက်၊ ကျေးရွာအတွင်းသို့ ပြန်လာလိုက်ဖြင့် နေထိုင်နေရဆဲဖြစ်ကြောင်း ၎င်းတို့က ဖြေကြားထားသည်။



ဆီဆိုင်မြို့နယ်တွင် ၂၀၂၄ ဇူလိုင်လ တလအတွင်း၊ စစ်ကောင်စီ၏ ဒရုန်းဗုံးကြဲတိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးပစ်ခတ်မှု အကြိမ်ရေပေါင်း ( ၂၀ ) နှင့်အထက် ရှိနေဆဲဖြစ်ပြီး နေရပ်ပြန်လာကြသည့် အရပ်သားအများစုသည်လည်း အပျက်အစီးပုံများကြား၊ အန္တရာယ်များကြားထဲတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေရသည်သည်။ ဆီဆိုင်မြို့နယ် နေရပ်ပြန်ရင်း စစ်တိုက်ပွဲကြွင်းကျန်လက်နက်များနှင့် မြေမြုပ်မိုင်းနင်းမိ ပေါက်ကွဲသွားမှုများကြောင့် အရပ်သား တဒါဇင်ကျော်သေဆုံးပြီး တဒါဇင်ကျော် ထိခိုက်ဒဏ်ရာရခဲ့ပြီဖြစ်သည်။

အဆိုပါ အန္တရာယ်ရှိ စစ်ပွဲကြွင်းကျန်လက်နက်များ၊ မိုင်းများသည် ကျေးရွာပြည်သူလူထုနှင့် အရပ်သားများ ဖြတ်သန်သွားလာ၊ အသုံးပြုနေကြသည့် လမ်းများ၊ စားကျက်နေရာများ၊ စိုက်ပျိုးရေးလုပ်သည့် နေရာများတွင် အများဆုံးတွေနေရပြီး၊ ထိုဖြစ်ရပ်များအတွင်း ကြွင်းကျန်လက်နက်များကြောင့် ထိခိုက် သေဆုံး ဒဏ်ရာရခဲ့ကြသည့် အရပ်သား အများစုသည်လည်း၊ ထိုနေရာနှင့် ထိုအခြေအနေများအတွင်းတွင်ပင် ထိခိုက်ခဲ့ကြရခြင်းဖြစ်သည်။



တဖန် ၂၀၂၄ခုနှစ်၊ ဇွန်လ ပထမပတ်အတွင်းတွင်၊ စစ်ကောင်စီနှင့် PNA တပ်ဖွဲ့များက ဆီဆိုင်နှင့် လွိုင်ကော်မြို့နယ် အစပ် ဆီဆိုင်မြို့နယ်အပိုင်ထဲရှိ၊ စစ်ဘေးတိမ်းရှောင်ကြရာမှ နေရပ်ပြန်လာသည့် ရေဖြူကျေးရွာမှ အရပ်သား ၅၈ ဦးကို၊ ၎င်းတို့နေအိမ်သို့ ပြန်ခွင့်မပြုဘဲ ဂိုဒေါင်နှင့် ပွဲရုံများထဲတွင် ထိန်းသိမ်း နေထိုင်ခိုင်းခဲ့သည်။ ထိန်းသိမ်းခြင်းခံခဲ့ရသည့် အဆိုပါ အရပ်သား ၅၈ ဦးသည် ၂၀၂၄ခုနှစ် မေလ ပထမပတ်ကာလခန့်က၊ ၎င်းတို့ရွာတွင်းအနီးပတ်ဝန်းကျင်၌ မြေပြင်ပစ်ခတ်၊တိုက်ပွဲများဖြစ်ပွါးချိန်၊ ဒေသတွင်းရှိ တောတောင်များထဲတွင် တိမ်းရှောင်ခဲ့ကြရာမှ၊ ကျေးရွာတွင်း တိုက်ပွဲငြိမ်၍ နေရပ်ကျေးရွာသို့ပြန်လာစဉ်၊ ဇွန်လပထမပတ်အတွင်းတွင် ၎င်းတို့ရွာအတွင်း နေထိုင်နေသော စစ်ကောင်စီနှင့် PNA စစ်သားများက တွေ့ရှိပြီး၊ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရခြင်းဖြစ်သည်။

ထိုသို့ထိန်းသိမ်းခံရစဉ်တွင်လည်း ကျေးရွာသားများအား တော်လှန်ရေးတပ်ဖွဲ့များနှင့် ပတ်သတ်ဆက်နွယ်မှု ရှိ၊ မရှိ စစ်ကောင်စီနှင့် PNA တပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းခဲ့ကြောင်းသိရပြီး၊ အကယ်၍ ပတ်သတ်ဆက်နွယ်မှုရှိပါက သတ်ပစ်မည်ဟူသော ခြိမ်းခြောက်ပြောဆိုမှုများပင် ရှိခဲ့ကြောင်း၊ နီးစပ်သူများ ဖြေကြားထားသည်။ ထို့အပြင် ထိုသို့မေးမြန်းစဉ်အတွင်း အရပ်သားနေအိမ်အချို့ကိုပါ PNA နှင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေခဲ့ကြောင်းလည်း သိရသည်။

၂၀၂၄ ခုနှစ် မတ်လအတွင်း ဆီဆိုင်မြို့နယ် တိုက်ပွဲအခြေအနေပြင်းထန်နေစဉ်၊ ဆီဆိုင်မြို့နယ် လာစရုကျေးရွာမှ ဖယ်ခုံမြို့နယ် အနောက်ပဒေါင်ရွာဘက်သို့ စစ်ဘေးတိမ်းရှောင်သွားကြသည့် အိမ်ထောင်စု ၁၀ စုခန့်ကို ၊ တော်လှန်ရေးတပ်ဖွဲ့ များနှင့် ဆက်စပ်မှုရှိသည် ဆိုသည့် အကြောင်းပြချက်များဖြင့် PNAက စွပ်စွဲပြောဆိုပြီး၊ ထိုအိမ်ထောင်စုများမှ အိမ်ထောင်စုတစုစီလျှင် ကျပ်သိန်း ၁၀၀ ပေးဆောင်ရမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်အပေါ် သက်ဆိုင်သူများ၏ အပြန်အလှန်ဆွေးနွေးမှု၊

နောက်ဆုံးညှိနှိုင်းနိုင်မှုများအရ PNA တပ်ဖွဲ့ကို၊ ထိုအိမ်ထောင်စု တစုစီမှ တအိမ် ကျပ်သိန်း ၃၀ ဖြင့်၊၂၀၂၄ ဇွန်လ ၁၃ ရက်နေ့ကို နောက်ဆုံးသတ်မှတ်ရက်အဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်းထပ်သိရသည် ၊ သို့သော် လက်ရှိတွင် ထိုအိမ်ထောင်စုမျာလည်း တခြားဒေသများသို့ ထပ်ဆင့်၊ ထွက်ပြေးတိမ်းရှောင်နေကြရပြီး ကျေးရွာသူကြီးကိုလည်း အဆိုပါတိမ်းရှောင်နေသည့် အိမ်ထောင်စုများ၊ ကျေးရွာတွင်းသို့ ပြန်လာပါက၊ ချက်ချင်းအသိပေးရန် PNA တပ်ဖွဲ့မှ ပြောထားကြောင်းလည်း နီစပ်သူများက ဆိုကြသည်။

၂၀၂၄ ခုနှစ် နှစ်စမှ ဇူလိုင်အထိ ( ၆ - ၇) လတာကာလအတွင်း၊ ဒေသခံများကို တော်လှန်ရေးတပ်ဖွဲ့များနှင့် ဆက်စပ်မှုရှိသည်ဟုဆိုကာ PNA နှင့် စစ်ကောင်စီတပ်ဖွဲ့များက ခြိမ်းခြောက်၊ ငွေညစ် ဖိအားပေးခဲ့သည့် အကြိမ်ရေပေါင်း (    )ကြိမ်နှင့်အထက်ခန့်ရှိနေကြောင်းကို၊ ခြိမ်းခြောက်ခြင်းခံခဲ့ရသည့် အရပ်သားများ၊ အဆိုပါဖြစ်စဉ်များကို ကြုံတွေ့ခဲ့ဖူးသူများ နှင့် ဖြစ်စဉ်နီးစပ်သူများ၏ ဖြေကြားမှုများဆီမှ ကောက်ယူရရှိသည့် အချက်အလက်များ၏ ဖော်ပြမှုများအရ သိရသည်။

ထို့အပြင် ၂၀၂၄ ခုနှစ် ဇွန်လလယ်လောက်မှစတင်ပြီး PNA တပ်ဖွဲ့ဝင်များ၏ လူမှုကွန်ရက်စာမျက်နှာများနှင့် ၎င်းလော်ဘီများ၏ လူထုကိုအသိပေးသည့် ပြောကြားချက်များထဲတွင် လူမျိုးရေးမုန်းတီးရေးကို အားပေးလှုံ့ဆော်သည့် စကားပြောဆိုချက်များနှင့် စာအရေးအသား၊ အသုံးအနှုန်းများ များစွာပါဝင်နေသည်ကို တွေ့ရသည်၊ ထို့သို့အကြောင်းအရင်းများကြောင့် ရှမ်းတောင်ဒေသတွင် စစ်ဘေးတိမ်းရှောင်နေကြသည့် ကရင်နီစစ်ရှောင်ပြည်သူများအဖို့ ခွဲခြားဆက်ဆံခံရမှုများ၊ လုံခြုံရေးဆိုင်ရာအခွင့်အရေး ခြိမ်းခြောက်ခံရမှုများ ကြုံတွေ့နေရသလို ဆီဆိုင်မြို့အနီးပတ်ဝန်းကျင်ရှိ ၎င်းတို့နေထိုင်သည့် စစ်ရှောင်စခန်းအနဲဆုံး ၁ ခုနှင့်အထက် ဇွန်လအတွင်း ဖျက်သိမ်းခြင်းခံခဲ့ရပြီဖြစ်သလို၊ ဒေသပြင်ပမှ စစ်ရှောင်လာမည့်ပြည်သူများကို လက်ခံခြင်းမပြုတော့ကြောင်း၊ ၂၀၂၄ ဇွန်လအတွင်း ပျံ့နှံ့ခဲ့သည့်၊ PNA ၏ သတင်းပြန်ကြားသူ၏၊ လူမှုကွန်ရက်စာမျက်နှာ၏ ပြောဆို၊ ဖော်ပြထားမှုများအရ တွေ့ရသည်။

# အရပ်သားပြည်သူများ၏ လုံခြုံရေး၊ လူမှုစီးပွါးဘဝအခြေအနေများ နှင့် ၎င်းတို့၏ထင်ဟပ်ချက်များ

## စစ်ဘေးသင့် အရပ်သားပြည်သူများ၏ လူမှုစီးပွါးဘဝအခြေအနေများ

ဒေသတွင်းစစ်ပဋိပက္ခများ ပြင်းထန်နေသည့် တပြိုင်တည်းတွင် စီးပွါးရေးကျပ်တည်းလာမှုနှင့် ကုန်ထုတ်လုပ်ငန်းများ ထိုးကျဆင်းမှုများကို ရင်ဆိုင်နေကြသည့် ဒေသအနှံ့မှ အရပ်သားပြည်သူများကို၊ စစ်လက်နက်ပစ္စည်းများဝယ်ယူရန်အတွက်ဟုဆိုကာ PNA တပ်ဖွဲ့က ငွေကြေးများကောက်ခံခြင်း၊ လမ်းဖြတ်သန်းခွန်ဂိတ်များတိုးချဲ့ပြီး နှုန်းထားမြှင့် ကောက်ခံလာခြင်း ၊ အခြေခံလူသုံးကုန်ပစ္စည်းများ သယ်ယူခွန်များကို အရေအတွက် အနဲငယ်သာ ခွင့်ပြုပြီး ပစ္စည်းခွန် ပိုမိုကောက်ခံလာနေခြင်းများ ရှမ်းတောင် စစ်ပဋိပက္ခဖြစ်စဉ်တလျှောက်တွင် အစဉ်အမြဲတွေ့နေရသည်။

ဖေါ်ပြပါဖြစ်စဉ်များကဲ့သို့ ဇွန်လ ဒုတိယအပတ်အတွင်း ပင်လောင်းမြို့နယ်ရှိ တောင်ထီဗွာ၊ စင်းတောင်း၊ ဘန်းဖြာနှင့် လိန်းညာ အုပ်စုအတွင်းရှိကျေးရွာများကို စစ်လက်နက် ဒရုန်းများ ဝယ်ယူရန်အတွက်ဟုဆိုကာ PNA တပ်ဖွဲ့က ငွေကြေးများ ကောက်ခံနေသည်။ PYO - ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ရှိ ကောက်ယူထားသည့် အချက်အလက်များအရ ရှမ်းတောင်မှ ဆီဆိုင်၊ ဟိုပုံး၊ ပင်လောင်း၊ တောင်ကြီး၊ ညောင်ရွှေစသည့် မြို့နယ်များတွင်၊ ၂၀၂၂ - ၂၀၂၄ ဇူလိုင်လအထိ PNA တပ်ဖွဲ့မှ၊ စစ်အသုံးစရိတ်နှင့် ဆက်စပ်ပြီး ကောက်ခံခဲ့သည့် ငွေကြေးပမာဏသည် နယ်မြေ၊ ဒေသများကွဲပြားမှုအပေါ်မူတည်ပြီး ကျပ် ၃ သိန်းမှ ကျပ် ၉ သိန်းအထိ ရှိခဲ့ပြီ ဖြစ်ပြီး၊ မြို့ပြဒေသများထက် ကျေးလက်ဒေသများက ခေါင်းစဉ်အမျိုးမျိုးအမည်တပ်ထားသည့် မထည့်မနေရ ငွေကြေးကောက်ခံမှုဒဏ်များနှင့် ပိုမို ကြုံတွေ့နေရသည်။ထို့အပြင် ဒေသခံ အရပ်သားများ၏ ကျေးရွာအတွင်း၊ ကျေးရွာအနီး ပတ်ဝန်းကျင်နေရာများတွင် စခန်းချ၊ လှည့်လည် နေထိုင်နေကြသည့် PNA နှင့် စစ်ကောင်စီတပ်ဖွဲ့များ၏ နေ့စဉ် စားရေးသောက်ရေးများနှင့် ဝေယျာဝစ္စများကို ဒေသခံရွာသားများက မပျက်မကွက်၊ မဖြစ်မနေ လုပ်ဆောင်ပေးနေကြရခြင်းဖြစ်သည်။




ထို့အပြင် PNA တပ်ဖွဲ့မှ အသက် ၁၈ နှစ်မှ ၅၀ အထိ ဒေသတွင်းလူငယ်၊ လူရွယ်များကို ကျေးရွာအလိုက် သတ်မှတ်ဦးရေဖြင့် စစ်သားကောက်ယူသည့် ကိစ္စရပ်ထဲတွင်လည်း၊ စစ်မှုထမ်းရမည့်စာရင်းထဲပါပြီး စစ်မှုမထမ်းလိုသော ဒေသခံလူငယ်များအနေဖြင့် တဦးကို ၆သိန်းကျပ် ထပ်မံ ပေးဆောင်နေကြရကြောင်းသိရသည်။ ထို့အပြင် ပင်လောင်မြို့နယ်၏ တောင်ဘက်ပိုင်းရှိ ဆောင်းပြောင်းဒေသမှ စစ်ဘေးတိမ်းရှောင်ပြည်သူများကို PNA နှင့် တပ်ဖွဲ့များက အတင်းအကျပ် စစ်မှုထမ်းခိုင်းနေကြောင်းသိရသည်။ စစ်မှုထမ်းခြင်းများ မပြုလုပ်ပါက စစ်ဘေးတိမ်းရှောင်ရာ နေရာမှ နေရပ်သို့ပြန်ခွင့်မပြုခြင်း၊ နေအိမ်သို့ပစ္စည်းများ ပြန်ယူခွင့်မပြုခြင်း စသည့်နည်းများဖြင့် ဖိအားပေးမှုများ ရှိနေကြောင်း သိရသည်။

အဆိုပါ PNA နှင့် စစ်ကောင်စီတပ်ဖွဲ့များ၏ မဖြစ်မနေဝင်ရမည့်၊ အတင်းအကျပ် စစ်မှုထမ်းတပ်သား ခေါ်ယူမှုများနှင့် အတင်းအဓမ္မ စစ်သားစုဆောင်းခံရမှုများသည်၊ ဒေသတွင်း လူငယ်များအပေါ် ဆိုးဝါးစွာ သက်ရောက်နေသည့် အတင်းအကျပ်ခိုင်းစေမှု၊ ဖိအားပေးမှုနှင့် ဖိနှိပ်မှုတရပ်ဖြစ်နေပါသည်။ အဆိုပါအကြောင်းရင်းများနှင့် စပ်လျဉ်းသော စိတ်ပိုင်း၊ ရုပ်ပိုင်း ဆိုင်ရာ ဖိအားမှုဒဏ်အမျိုးမျိုးကြောင့် ကိုယ့်ကိုယ်ကို အဆုံးစီသွားသည့် လူငယ်အမျိုးသား၊ အမျိုးသမီးများ၏ ပမာဏလည်း ပိုမိုမြင့်တက်လာနေသည်ကို PYO စုံစမ်းရရှိထားသည့် အချက်အလက်များက ဖေါ်ပြနေသည်။ အခက်အခဲ၊ အကျပ်အတည်းနှင့် လူမှုဘဝမျိုးစုံအပေါ် ပြင်းထန်ဆိုးဝါးစွာ ဖိနှိပ်မှုများကြောင့် လူငယ်များအပြင် သက်လတ်ပိုင်း၊ သက်ကြီးပိုင်း ပြည်သူများ၏ မိမိကိုယ်ကို အဆုံးစီရင်သည့် ဖြစ်ရပ်များလည်း ၂၀၂၁ စစ်ကောင်စီအာဏာသိမ်းချိန်မှစပြီး ဒေသအနှံ့တွင် ပိုမို ဖြစ်ပေါ်နေဆဲဖြစ်သည်။

ဒေသတွင်းဆက်သွယ်ရေး၊ ပို့ဆောင်ရေးအဓိကလမ်းများကို စစ်ကောင်စီနှင့် PNA ဖွဲ့များက သွားလာခွင့်များ ပိတ်ပင်၊ ကန့်သတ်ထားမှုများ၊ တင်းကြပ်စွာ စစ်ဆေးမေးမြန်းမှုများကြောင့် ဒေသတွင်းအရပ်သားများသွားလာနိုင်ရေး၊ အခြေခံစားဝတ်နေရေးဖြေရှင်းရေး နှင့် လူမှုစီးပွါးဘဝများပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် အခက်အခဲဖြစ်စေသည့်အပြင်၊ ဒေသတွင်း စစ်ပဋိပက္ခအချိန်မရွေးဖြစ်ပေါ်နိုင်သည့် အခင်းအကျင်းမှ တိမ်းရှောင်လိုသည့် အရပ်သားပြည်သူများအတွက်၊ ဤကဲ့သို့သော သွားလာဆက်သွယ်ရေးလမ်းကြောင်းများကို ကန့်သတ်၊ ပိတ်ပင်ထားမှုများသည် လူ့အခွင့်အရေးရပိုင်ခွင့်များ ပိတ်ပင်တားဆီးခံရသည့်အပြင်၊ အသက်ဘေးအန္တရာယ်ကင်းစွာ နေထိုင်အသက်ရှင်နေထိုင်နိုင်ရန်ရေး အခွင့်အရေးများပါ ချိုးဖေါက်ခံနေရခြင်းဖြစ်သည်။ ထိုသို့ ဖိနှိပ်၊ တားဆီးမှုများသည် စစ်ဘေးတိမ်းရှောင်ပြည်သူများအပါအဝင် အရပ်သားပြည်သူများအားလုံးကို၊ အခြေခံလူအခွင့်အရေး ရပိုင်ခွင့်များကို လက်လှမ်းမှီနိုင်ရန်အတွက်၊ ကြီးမားသည့် တားဆီးမှု ဖြစ်လာနေစေသည့်အပြင်၊ အရပ်သားများအား စစ်မြေပြင်အတွင်း လူသားဒိုင်းများအဖြစ် အသုံးပြုခံရခြင်း အခြေအနေများနှင့် လူသားတိုင်း အသက်ရှင်ပိုင်ခွင့် အခွင့်အရေး၏ ဆုံးရှုံးမှုများပါ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် တပြိုင်တည်း ဖြစ်ပေါ်လာနေစေသည်ကို တွေ့ရသည်။

စစ်ရေးတင်းမာလာနိုင်သည့် ဒေသများရှိ သွားလာရေး လမ်းကြောင်းများကို စစ်ကောင်စီနှင့် PNA တပ်ဖွဲ့များက ခရီးသွားလာခွင့် ပိတ်ပင်တားဆီးမှုများကြောင့်၊ အပြန်အလှန် ပစ်ခတ်မှုများရှိနေသည့် တိုက်ပွဲအနီးဝန်းကျင်များတွင်သာ၊ ဒေသခံအရပ်သားများက ခိုလှုံတလှည့်၊ ပြေးတလှည့်ဖြင့် နေထိုင်နေကြရကြောင်း၊ ကိုယ်တိုင်ကြုံတွေ့နေရသည့် ဒေသခံများက ပြောပြသည်။ စစ်ဖြစ်ပွါးမည့်ဒေသမှ တခြားသို့ အရပ်သားများ စစ်ဘေးမှရှောင်တိမ်းခြင်းမပြုနိုင်အောင်လည်း၊စစ်ကောင်စီနှင့် အပေါင်းအပါတပ်ဖွဲ့ဝင်များက နည်းအမျိုးမျိုးဖြင့်

ပိတ်ပင်တားဆီးခြင်း၊ အရပ်သားများကို စစ်ရေးလက်နက်နှင့် လူသားဒိုင်းများအဖြစ် အသုံးပြုနေခြင်း စသည့် အရပ်သားများ လူ့အခွင့်အရေးချိုးဖေါက်ခံရမှု အခြေအနေများသည်၊ ရှမ်းတောင်စစ်ပဋိပက္ခဖြစ်စဉ်များတလျောက်တွင် ကျယ်ကျယ်ပြန့်ပြန့်တွေ့နေရသည်။ စစ်တိုက်ပွဲတည်ငြိမ်နေဆဲ၊ စစ်ပဋိပက္ခသက်ရောက်မှုနဲပါးသည့် ဒေသမှ ဒေသခံများကိုလည်း - အခြားဒေသမှ စစ်ဘေးတိမ်းရှောင်လာသူများကို လက်ခံခြင်းမပြုကြရန်ကို ကျေးရွာသူကြီးများသို့တဆင့်၊ PNA တပ်ဖွဲ့က ပြောဆိုထားမှုများရှိနေသလို၊ စစ်ဘေးတိမ်းရှောင်ပြည်သူများကို ခွဲခြားဆက်ဆံမှုများရှိနေကြောင်း ကိုယ်တိုင်စစ်ဘေးတိမ်းရှောင်သူများ၏




ဖြေကြားမှုများအရ သိရသည်။

ထို့အပြင် ဆီဆိုင်မြို့နယ်အတွင်းရှိ စစ်သား၊ တပ်ဖွဲ့ဝင်များ လာရောက်စခန်းချ နေထိုင်နေသည့် ကျေးရွာများတွင် အဆိုပါစစ်သားများ၏ စားရေးသောက်ရေးများကို ဒေသခံအရပ်သားများက အစစအရာရာ ပြင်ဆင်၊ တာဝန်ယူပေးနေရကြောင်းသိရသည်၊ ကျေးရွာထဲတွင် လာရောက်နေထိုင်နေသည့် စစ်သားများ၏ စားသောက်ရေးစရိတ်သည့် တရက်လျှင်အနဲဆုံး တသိန်းကျပ်အထိရှိနေပြီး လွန်ခဲ့သည့် မတ်လလောက်ကတည်းမှ ဇူလိုင်လထိ၊ ၆ လကျော်ကြာလာသည့် လက်ရှိအချိန်ထိ ထောက်ပံ့နေရဆဲဖြစ်ကြောင်း ဒေသခံများထံမှသိရသည်၊ အချိန်ကာလအားဖြင့် ထိုရွာထဲတွင် စစ်သားများ နောက်ထပ်တနှစ်ခန့်ထပ်ကြာနိုင်ဦးမယ်ဖြစ်ကြောင်းလည်း အဆိုပါစစ်သားများက ဒေသခံရွာသားများကို ပြောခဲ့သေးကြောင်းလဲ သိရပြီး စစ်သားများ၏ စားရေးသောက်ရေးအတွက် လိုအပ်သည့် ငွေများကို အစောပိုင်း၊ အစပိုင်းကာလများ၌ ရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် စုထားသည့် ကျေးရွာရံပုံငွေထဲမှ ထုတ်သုံးနိုင်ခဲ့သော်လည်း အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ကျေးရွာရံပုံများလည်းကုန်နေပြီဖြစ်သည့်အတွက် ကျေးရွာတွင်းရှိ အိမ်ထောင်စုများကို လိုအပ်လျှင် လိုအပ်သလို နှုန်းထားများသတ်မှတ်ပြီး လိုက်လံ ကောက်ခံပေးနေရကြောင်းသိရသည်။

၂၀၂၄ ခုနှစ် နောက်ဆုံးပတ်မှ စ၍ နေရပ်ကို ပြန်လာကြသည့် စစ်ရှောင်ပြည်သူများ၏ ကား၊ ဆိုင်ကယ်များကို ချောဆွဲခြင်း၊ လူသားဒိုင်းကာများအဖြစ် အသုံးပြုခြင်း နှင့် တပ်သားများအသုံးပြုရန်အတွက် ကားများကို ဒေသခံများအား ဝယ်ခိုင်းခြင်း စသည့် ကိစ္စရပ်များ စစ်ကောင်စီနှင့် PNA ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာသည်ကို တွေ့ရသည်။ တပ်သားများအတွက် အသုံးပြုနေသည့်

ကားများ၏ထိခိုက်မှု၊ ပျက်စီးမှုများနှင့် ပတ်သတ်သည့် ကုန်ကျစရိတ်များကို ရွာသား၊ ဒေသခံပြည်သူများထံ ကောက်ခံခြင်းများ PNA မှ လုပ်ဆောင်နေသည်ကို တွေ့ရသည်။ ထိုသို့ လုပ်ဆောင်မှုများကြောင့် အကျပ်အတည်းကာလအတွင်း လူမှုစီးပွါးဘဝများ ကျဆင်းမှုများနှင့် ကြုံတွေ့နေရသည့် အရပ်သားများအတွက် အခက်အခဲများဖြစ်စေနေကြောင်း ဒေသခံများက PYO ကို အတည်ပြု ပြောပြထားသည်။

---

## စစ်ပဋိပက္ခဖြစ်ပွါးရာဒေသရှိ

## စိုက်ပျိုးရေးလုပ်ငန်းအခြေအနေများ

၂၀၂၄ ခုနှစ်အတွင်း ညောင်ရွှေနှင့် ပင်လောင်း၊ ဖယ်ခုံ မြို့နယ်မှ အနဲဆုံးကျေးရွာပေါင်း ၃၀ ကျော်ခန့်က ဒေသ စိုက်ပျိုးရေလုပ်ငန်းအတွက် မှီခိုနေရသည့်၊ အထူးအရေးပါနေသည့် မိုးဗြဲဆည် ရေကာတာကို စစ်ကောင်စီက ထိန်းချုပ်၊ ပိတ်ထားခဲ့သည့် အတွက်ကြောင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများရေမြုပ်သွားခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေများ အခက်အခဲရှိလာခြင်း စသည့် အခက်အခဲ၊ ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ စိုက်ပျိုးရာသီရောက်နေပြီဖြစ်သော်လည်း သီးနှံစပါးစိုက်ပျိုးနိုင်ခြင်းမရှိသေးသဖြင့် လာမည့်နှစ်များအတွင်း စားနပ်ရိက္ခာဖူလုံနိုင်မှုအခြေအနေများသည်လည်း ယခင်ကာလ၊ လက်ရှိကာလ နှစ်များထက် ပိုမိုခက်ခဲလာနိုင်ကြောင်း အရပ်သားပြည်သူများက ဆိုကြသည်၊

ထို့အပြင် အဆိုပါဒေသ၌၊ ၂၀၂၄ ဇွန်လ ၁၇ ရက်နေ့ခန့်မှစပြီး တဖန်ပြန်လည်ပြင်းထန်လာသည့် မြေပြင်တိုက်ပွဲများနှင့် လက်နက်ကြီးပစ်ခတ်မှုများ၊ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများကြောင့်၊ ရွာပေါင်း( ၃၀)ခန့်မှ အရပ်ပေါင်း ( ၁၅၀၀၀ )ခန့် သည်လည်း နှစ်ကြိမ်မြောက် စစ်ဘေးပြန်လည်ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး၊ ဇူလိုင်လအထိ နေရပ်သို့ ပြန်လည်ပြန်လည် နေထိုင်နိုင်ခြင်း မရှိသေးသလို၊ ၎င်းပတ်ဝန်းကျင်အနီးပတ်ဝန်းကျင်ဒေသတွင်ပါ စစ်ရေးအခြေအနေများ ဆက်လက်ပြင်းထန်လာနိုင်သည့် အခြေအနေများဖြစ်ပေါ်နေသည်။ အဆိုပါဒေသတွင် စစ်ဘေးထွက်ပြေးတိမ်းရှောင်နေရသည့် ကရင်နီပြည်နယ်မှ စစ်ရှောင်များ အများဆုံး နေထိုင်၊ ခိုလှုံနေသည့် ဒေသလည်း ဖြစ်သည်။ ဇူလိုင်လ ပထမပတ်အတွင်း ပြန်လည်ဖြစ်ပွါးလာခဲ့သည့် ဒေသတွင်း တိုက်ပွဲများကြောင့် ထိုစစ်ဘေးတိမ်းရှောင်ပြည်သူများလည်း ထပ်ဆင့် ရွှေ့ပြောင်းခဲ့ကြရသည်။

ထို့အပြင် နေရပ်ပြန်လာနိုင်သည့် ဆီဆိုင်မြို့နယ်မှ ဒေသခံများသည်လည်း စိုက်ပျိုးရေးခြံများနှင့် စားကျက်နေရာများ၏ နေရာအနှံ့တွင်၊ မပေါက်ကွဲဘဲ ရှိနေသည့် ပေါက်ကွဲစေတတ်သော အန္တရာယ်ရှိ စစ်ပဋိပက္ခ ကြွင်းကျန်လက်နက်များနှင့် မြေမြုပ်မိုင်းများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို အန္တရာယ်များစွာဖြင့် လုပ်ကိုင်နေကြရကြောင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်သည့် ဒေသခံ အရပ်သားများက ပြောသည်။


ထို့အပြင် စစ်ရေးဖြစ်ပွါးမှုမရှိသည့် ရှမ်းတောင်ဒေသအများစုသည်လည်း စစ်ကောင်စီနှင့် PNA တပ်ဖွဲ့ဝင်များ၏ ကားပေါ်တာဆွဲ၊ ချောဆွဲခြင်းများနှင့် ကြုံတွေ့နေကြရသည်၊ ဆီဆိုင်နှင့် ပင်လောင်း အစရှိသော မြို့နယ်များမှ ဒေသခံပြည်သူမျာ၏ ကားများကို ချောဆွဲ၊ ပေါ်တာဆွဲခြင်းများ ခံနေရသည့်အတွက်ကြောင့် အကျပ်အတည်းကာလအတွင်း လူမှုစီးပွါးဘဝများ ကျဆင်းမှုများနှင့် ကြုံတွေ့နေရသည့် အရပ်သားများအတွက် အခက်အခဲများဖြစ်စေနေကြောင်း ဒေသခံများက ဆိုသည်။ ဒေသတွင်းပို့ဆောင်ဆက်သွယ်ရေး လမ်းများကို စစ်ကောင်စီနှင့် PNA တပ်ဖွဲ့များက စစ်ဆေးရေးဂိတ်များချထားပြီး ဖြတ်သန်းသွားလာမှုများကို တင်းကြပ်စွာ စစ်ဆေးခြင်းနှင့် ကုန်ပစ္စည်းသယ်ယူမှုများကို ကန့်သတ်ထားခြင်းများကြောင့် ဒေသတွင်း စိုက်ပျိုးရေး လုပ်ငန်းနှင့် စားဝတ်နေရေးဖြေရှင်းမှုများတွင် များစွာထိခိုက်နေစေကြောင်းကို ကောက်ယူရရှိသည့်အချက်အလက်များအရ တွေ့ရသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ပင်လောင်းမြို့နယ်ရှိ ဗန်းမောက်နှင့် ကုန်းပေါက်စသည့် ဒေသတကြောတွင် မြေပြင်ထိတွေ့မှု၊ ပစ်ခတ်မှု အနဲငယ် ငြိမ်သက်လာရာမှ၊ နေရပ်ပြန်ပြီး စိုက်ပျိုးရေးနှင့် တောင်ယာလုပ်ငန်းများကို ဒေသတွင်း အခြေအနေ မတည်ငြိမ်မှုကြားထဲတွင် ပြန်လည်လုပ်ကိုင်နေကြသည့် အရပ်သားများအချို့ရှိသည်။ တပြိုင်တည်းတွင် ထိုဒေသဖက်သို့ အချိန်အခါ ခန့်မှန်း၍မရနိုင်ဘဲ၊ တိကျသည့် ဦးတည်ရာမရှိဘဲ  ပစ်ခတ်နေသည့် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှု အန္တရာယ်များကြောင့်လည်း၊ လုံခြုံရေးကို အထူးဂရုပြုပြီး နေရပ်ပြန်၍ လုပ်စရာရှိသည်ကို လုံခြုံရေးသတိကြီးစွာဖြင့်၊ လုပ်ဆောင်နေကြရကြောင်း ဒေသခံများက ပြောပြသည်။

## အရပ်သား အဆောက်အအုံထိခိုက်ပျက်စီးမှုများ / ပစ်ခတ်တိုက်ခိုက်မှု အခြေအနေများ

စစ်ကောင်စီ၏ လေကြောင်းဗုံးကြဲတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် မီးလောင်ဗုံးကြဲမှုတို့သည် ရှမ်းတောင်ပဋိပက္ခအတွင်း တွေ့ရှိရသည့် အရပ်သားအဆောက်အအုံထိခိုက်ပျက်စီးကို ဖြစ်စေသည့် အဓိကအကြောင်းအရင်းများဖြစ်သည်။ ရှမ်းတောင်တိုက်ပွဲ၏ ကနဦးအစပိုင်းတွင် လေကြောင်းဗုံးကြဲတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် အရပ်သားအဆောက်အအုံ ပျက်စီးကြသည်ကို တွေ့ရပြီး ဖေဖော်ဝါရီ ဒုတိယအပတ်တွင် စတင်ပြီး ဒရုန်းဗုံးကြဲမှုများစွာ အသုံးပြုလာသည်ကို တွေ့ရပြီး ဒရုန်းဗုံးကြဲမှုတို့ကြောင့် အရပ်သားနေအိမ်ထိခိုက်ပျက်စီးကြသည်ကို တွေ့ရသည်။ ဆီဆိုင် မြို့ပေါ်စစ်ပွဲတိုက်ပွဲများကြောင့် ဇန်နဝါရီလ ၂၄ရက်နေ့မှ မတ်လရက်များအတွင်းတွင်ပင် ဆီဆိုင်မြို့၏ အရပ်သားနေအိမ် ၇၀ရာခိုင်နှုန်းထက်မနည်း ပျက်စီးနေခဲ့ပြီးဖြစ်သည်၊ မတ်လ (၁၀ - ၁၁)ရက်နေ့တွင် ဟိုပုံးမြို့နယ် နမ့်ဟူကျေးရွာနှင့် ပင်လျှံကျေးရွာ ရွာလုံးကျွတ်မီးကျွမ်းလောင်ခြင်း ခံခဲ့ရသည်။  ဤဖြစ်စဉ်နှင့်စပ်လျဉ်းပြီး ကနေ့အချိန်ထိ မည်သည့်အဖွဲ့က လုပ်ဆောင်သွားသည်ကို သေချာတိကျသည့်သတင်းအချက်အလက်နှင့်အတူ ထောက်ပြပြောဆိုနိုင်ခြင်း မရှိသေးပေ။ ထို့အပြင် စစ်ပဋိပက္ခကာလများအတွင်း (၊ ဆီဆိုင်မြို့ တောင်ဘက်ကျေးရွာများမှ အရပ်သားနေအိမ်များ မီးရှို့ခံရသည့် ဖြစ်စဉ်များစွာ ပိုမိုကြုံတွေ့လာကြရသည်။

ရှမ်းတောင်ပဋိပက္ခအတွင်း ထိခိုက်ပျက်စီးသည့် အရပ်သာအဆောက်အအုံများမှ ဘုန်းကြီးကျောင်းသည် လည်း အများဆုံးဖြစ်ခဲ့ပြီး တိုက်ပွဲဖြစ်ပွားသည့် ဧရိယာအပါအဝင် မြေပြင်တိုက်ပွဲဖြစ်ပွားခြင်း မရှိသည့် ဧရိယာ၏ ဘုန်းကြီးကျောင်းသည်လည်း လေကြောင်းဗုံးကြဲတိုက်ခိုက်ခံရခြင်းနှင့် လက်နက်ကြီးပစ်ခတ်မှုခံရခြင်း ဖြစ်စဉ်များကိုလည်း သုတေသနမှတ်တမ်းသည့် အချက်အလက်အရ များစွာ တွေ့ရှိရသည်။ စစ်ကောင်စီသည် ဘုန်းကြီးကျောင်းကို လေကြောင်းဖြစ်သော်လည်းကောင်း၊ လက်နက်ကြီးဖြင့်သော် လည်းကောင်း တိုက်ခိုက်ရာတွင် ၎င်းတို့ပေးသည့်အကြောင်းအရင်းသည် ဘုန်းကြီးကျောင်းအတွင်းတွင် တော်လှန်ရေးအုပ်စုများ ရှိနေခြင်းကြောင့် တိုက်ခိုက်ခြင်းဖြစ်သည်ကို တွေ့ရသည်။ ဤအကြောင်းအရင်း နှင့်စပ်လျဉ်းပြီး အမှန်တကယ်တွင် စစ်ကောင်စီသည် ၎င်းတို့တိုက်ခိုက်ခြင်းမပြုမှီတွင် သေချာစုံစမ်းခြင်းများ၊ စစ်ရေးအာသားချက်များကို ထည့်သွင်းစဉ်းစားခြင်းမပြုလုပ်သည်ကိုတွေ့ရပြီး ကန့်သတ်ထားသည့် အရပ်သားအအောက်အအုံကို ရည်ရွယ်ချက်ရှိရှိ၊ စနစ်တကျ တိုက်ခိုက်နေသည်ကို တွေ့ရသည်။





၂၀၂၄ ဇူလိုင်လအထိ ကောက်ယူရရှိထားသည့် အချက်အလက်များအရ ရှမ်းတောင်စစ်ပဋိပက္ခ ( ၆ - ၇)လတာ ကာလအတွင်း ဘာသာရေးအဆောက်အအုံအပါအဝင် အရပ်သားအဆောက်အအုံ အနဲဆုံး ၁၃၇၄ ခုခန့် ၊ စစ်ကောင်စီ၏ လက်နက်ကြီးတိုက်ခိုက်မှု၊ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများနှင့် စစ်ကောင်စီနှင့် ၎င်းအပေါင်းအပါတပ်ဖွဲ့များ၏ ဖျက်ဆီးမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည်။ ဒေသတွင်းလုံခြုံရေးအခြေအထားအရ အချိန်မရွေး စစ်ရေးပြင်းထန်လာနိုင်သောကြောင့် နေရပ်စွန့်ခွါနေကြသည့် အရပ်သားများ၏ နေရပ်၊ ကျေးရွာများတွင် အာဏာသိမ်းစစ်တပ်အပါအဝင်၊ အပေါင်းအပါတပ်ဖွဲ့နှင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်ရေးနေကြသည့် တော်လှန်ရေးတပ်ဖွဲ့တို့ကြား စစ်ရေးတင်းမာနေပြီး၊ ထိုမြေပြင်ဖြစ်ပွါးမှုများကြောင့်၊ စစ်ဘေးတိမ်းရှောင်နေကြရသည့် ဒေသခံအရပ်သားများ၏ ကျေးရွာ၊ နေအိမ်များရှိ ပစ္စည်းများ အခိုးယူခံရခြင်းနှင့် ပျောက်ဆုံးခြင်းများ မြင့်တက်လာနေသည်။ ရှမ်းတောင် စစ်ပဋိပက္ခကာလ (၆ - ၇) ကာလအတွင်း စစ်ဘေးတိမ်းရှောင်နေသည့် အရပ်သားပြည်သူများနေအိမ်ရှိ ပစ္စည်းပျောက်ဆုံးမှုများ စစ်ပဋိပက္ခဖြစ်ပွါးဖြစ်ပွါးသည့် နေရာ၊ ဒေသနီးပါးတိုင်းတွင် ဖြစ်ပွါးနေသည်။ အခြေခံစားသောက်ကုန်များအစ - နေအိမ်သုံး ဗီဒို၊ ရေခဲသေတ္တာ၊ ဆိုလာပြား၊ လယ်ထွန်စက်ပစ္စည်း၊ မော်တော်ယာဉ်အမျိုးမျိုး ပျောက်ဆုံးမှုများအပြင် ဘုရားဆင်တုတော်များကအစ ပျောက်ဆုံးနေသလို၊ စစ်ဘေးဒဏ်သင့်ပြီး မိမိတို့ဒေသများသို့ ပြန်လာကြသည့် ဒေသခံများသည်လည်း စစ်ပဋိပက္ခများအတူ ကပ်ဘေးဆိုက်လာသည့် အကျပ်အတည်းဆိုက် ဒေသတွင်းစီးပွါးရေးများအကြားတွင် အားလုံးနီးပါး အသစ်မှ ပြန်လည်စတင်နေကြရကြောင်း သိရသည်။



ရှမ်းတောင်ပဋိပက္ခအတွင်း အရပ်သားအဆောက်အအုံထိခိုက်ပျက်စီးနှင့်စပ်လျဉ်းပြီး စစ်ကောင်စီ၏ သတင်းစာမျက်နှာများပေါ်ဖော်ပြရာတွင် တော်လှန်ရေးအုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုနှင့် ဒရုန်းဗုံးကြဲမှုကြောင့် ဖြစ်ပေါ်ရသည်ဟု ဆိုထားသည်။ အမှန်တကယ်မြေပြင်တွင် ထိခိုက်ပျက်စီးမှု အဓိကဖြစ်ပေါ်စေသည့် စစ်ကောင်စီ၏ လေကြောင်းဗုံးကြဲမှု အကြောင်းအရာကို လိမ်လည်ရေးသားဖော်ပြထားခြင်းသာဖြစ်သည်ကို ထင်ရှားစွာ တွေ့နိုင်သည်။



## ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှု အခြေအနေများ




ရှမ်းတောင်ပဋိပက္ခ (၅)လတာအတွင်းတွင် စစ်ပဋိပက္ခနှင့်ဆက်နွယ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများစွာ တွေ့ရှိရပြီး ပုံစံတူချိုးဖောက်မှုများကိုလည်း တွေ့ရှိရ သည်။ ဖေဖော်ဝါရီလ (၁၉)ရက်နေ့တွင် စားနပ်ရိက္ခာများ ပြန်သယ်သည့် အရပ်သားဒေသခံပြည်သူများ၏ အလံဖြူထောင်ထားသည့် ကားတန်းများကို စစ်ကောင်စီက ရည်ရွယ်ချက်ရှိစွာ၊ ဒရုန်း၊ လက်နက်ကြီးများ

ဖြင့် ပစ်ခတ်မှုပြုလုပ်သောကြောင့် အရပ်သာအစုလိုက်အပြုံးလိုက် သေဆုံးသည့်ဖြစ်စဉ်၊ - မေလ ၉ရက်နေ့တွင် နောင်ရင်သူကြီးနှင့် တက်ကြွလူငယ်(၁)ဦးကို PNA မှ ရက်ရက်စက်စက်သတ်ဖြတ်သည့်ဖြစ်စဉ်၊ ဧပြီလ (၂၁ - ၂၂)ရက်နေ့တွင် ဆီဆိုင်မြို့ ဟိုခဲရပ်ကွက်တွင် စားနပ်ရိက္ခာပြန်သယ်သည့် လူငယ်များ သတ်ဖြတ်ခံရပြီးအလောင်းများ တူးဖော်တွေ့ရှိသည့် ဖြစ်စဉ်၊ ဇွန်လ (၂၁)ရက်နေ့တွင် ဆီဆိုင်နှင့် လွိုင်ကော်နယ်စပ်ရှိ ကုန်ဆွတ်ဒေသခံလူငယ် (၄)ဦး အသတ်ဖြတ်ခံရသည့် ဖြစ်စဉ် အပါအဝင် စစ်ရှောင်နေသည့် ဒေသခံပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့် ဖိအားပေးခြိမ်းခြောက်ခြင်း နည်းလမ်းဖြင့် နေရပ်ကို အတင်းပြန်စေသည့် ဖြစ်စဉ်များစွာကိုလည်း တွေ့ရှိရသည်။ ထို့အပြင် စစ်ရှောင်ဒေသခံပြည်သူများ၊ အရပ်သားများ စစ်ဘေးတိမ်းရှောင်နိုင်ခြင်း မရှိသေးသည့် ကျေးရွာများကို စစ်ကောင်စီနှင့်အပေါင်းအပါတပ်ဖွဲ့များက ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများရှိလာပြီး အရပ်သားသေဆုံးမှုများ ဖြစ်ကြရသည်ကိုလည်း ၂၀၂၄ ခုနှစ် ဇွန် - ဇူလိုင်လများတွင် ကျယ်ကျယ်ပြန့်ပြန့် တွေ့မြင်လာရသည်။

## အရပ်သားများဖမ်းဆီးခံနေရမှု အခြေအနေများ

ရှမ်းတောင်စစ်ပဋိပက္ခဖြစ်ပြီး တပတ်အကြာတွင်ပင် PNA ၏ စစ်သားကောက်ယူမည့် သတင်းများလည်း ပေါ်ထွက်လာခဲ့သည်၊ ထိုမတိုင်ခင်ကာလ လပိုင်းများကတည်းကပင် ဒေသတွင်း မြို့နယ်များတွင် လူငယ်ပေါင်း ( ၅၀၀၀ )ခန့်ကို PNA မှ အခြေခံစစ်ပညာ ရက်တိုသင်တန်း ပေးခဲ့ပြီးဖြစ်သည်။ ဆီဆိုင်ဒေသ စတင်ဖြစ်ပွါးပြီး ရက်ပိုင်းများအတွင်းပင် ဆီဆိုင်မြို့နယ် အောင်ဆုဗွေ မူးယစ်ဆေးဖြတ် စခန်းအတွင်းရှိ ဆေးဖြတ်နေရဆဲ အရပ်သားပြည်သူ ၁၂ဦးကို တပ်သားများအဖြစ် စစ်တိုက်နေသည့် ရှေ့တန်းသို့သွားရန် ငြင်းဆန်ခဲ့သည့်အတွက်၊ ထိုနေရာတပိုက်တွင်ပင် PNA က သတ်ဖြတ်ခဲ့ကြောင်း ကောက်ယူရရှိသော သတင်းအချက်အလက် အထောက်အထားများမှ သိရသည်၊

ရှမ်းတောင် ပဋိပက္ခအတွင်း အရပ်သားများ ဖမ်းဆီးခံရမှုဖြစ်စဉ်များကို ပြန်ကြည့်ရာတွင် အရပ်သားများသည် မတူညီသည့် ပုံစံများဖြင့် ဖမ်းဆီးထိန်းသိမ်းခံရကြပြီး၊ စစ်ကောင်စီနှင့် PNA ပူးပေါင်းတပ်တို့၏ ဖမ်းဆီးထိန်းသိမ်းမှုကို အများဆုံးခံကြရသကဲ့သို့ PNLAနှင့် မဟာမိတ်တို့၏ ဖမ်းဆီးထိန်းသိမ်းခြင်းကိုလည်း ခံနေကြရသည်။ အရပ်သားဖမ်းဆီးခံနေရမှုအခြေအနေ အများဆုံးဖြစ်စဉ်သည် မြေပြင်တိုက်ပွဲပဋိပက္ခ ဖြစ်ပွားသည့်ကျေးရွာဒေသခံပြည်သူများ ခံစားနေကြရပြီး စစ်ကောင်စီနှင့် PNA ပူးပေါင်းတပ်တို့၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရပါက လူသားဒိုင်ကာအဖြစ် အသုံးပြုခံရခြင်း၊ ၎င်းတို့၏ ဝေယျာဝစ္စများကို လုပ်ပေးရခြင်း၊ ငွေကြေးများပေးဆောင်ရခြင်း၊ သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခံရခြင်း၊ ပိတ်လှောင်ခံရခြင်း၊ ရိုက်နှက်သတ်ဖြတ်ခံရခြင်း၊ သတင်းအချက်အလက်များ ဖြတ်တောက်ခြင်း၊ လက်စဖျောက်ခံရခြင်း သို့မဟုတ် ကြယ်တွင်းသို့ ပစ်ထဲခံရခြင်း စသဖြင့် ရင်ဆိုင်ကြရပြီး တော်လှန်ရေးအုပ်စုနှင့် ပတ်သက်ဆက်နွယ်မှုရှိသည်ဆိုသည့် အကြောင်းအရင်းဖြင့်သော် လည်းကောင်း၊ သံသယဖြင့်သော်လည်းကောင်း ဖမ်းဆီးမှု အဓိကပြုလုပ်ခံကြရသည်ကို တွေ့ရသည်။ PNLA နှင့် မဟာမိတ်ဖမ်းဆီးခြင်းခံရပါက အချို့အခြေအနေများကို သတင်းထုတ်ပြန်ခြင်းပြုလုပ်ခြင်း ရှိသော်လည်း အရပ်သားများကို ရိုက်နှက်ခြင်း၊ ငွေကြေးတောင်းခြင်းများ ပြုလုပ်ခြင်း ရှိသကဲ့သို့ ၎င်းတို့ ထိုးစစ်ဆင်ခြင်းများ ပြုလုပ်သည့်ကျေးရွာ၊ တိုက်ပွဲဖြစ်သည့်ကျေးရွာ၏ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဖမ်းဆီးပြီး ဆေးဖြတ်ခြင်းပြုလုပ်သည့် ဖြစ်စဉ်များကိုလည်း တွေ့ရသည်။

စစ်ပွဲတိုက်ပွဲအတွင်း စစ်ကောင်စီနှင့် PNA ပူးပေါင်းတပ်တို့မှ မေလ ၆ ရက်နေ့ ကိုယ်ဝန်ဆောင်အမျိုးသမီး (၁)ဦးအပါအဝင် ထီဗွာ(ရေဖြူ)ကျေးရွာ ဒေသခံပြည်သူ (၉)ဦးကို ဖမ်းဆီးသည့် ကိစ္စရပ်ဖြစ်စဉ်၊ နောက် ဇွန်လပထမအပတ်တွင် ဆီဆိုင်မြို့နယ် ထီဗွာ(ရေဖြူ)ကျေးရွာ ဒေသခံပြည်သူ (၅၉)ဦးကို ဖမ်းဆီးထိန်းသိမ်းတို့သည်လည်း ရှမ်းတောင်ပဋိပက္ခတွင် ထင်ရှားစွာ တွေ့ရှိရသည့်ဖြစ်စဉ်များ ဖြစ်သည်။

## စစ်သားအဖြစ် စုဆောင်းခံရခြင်းအခြေအနေများ

ယခုလက်ရှိစစ်ဖြစ်ပွားနေသည့် ရှမ်းတောင်မြို့နယ်တွင် ၂၀၂၂ခုနှစ် နှစ်လယ်ပိုင်းမှ စတင်၍ စစ်သားစုဆောင်းခြင်းများ ဖြစ်ပေါ်နေခဲ့ပြီး ၊ ၂၀၂၄ခုနှစ် ဆီဆိုင်ဒေသတိုက်ပွဲဖြစ်ပြီး တစ်ပတ်အကြာ ဇန်နဝါရီလ ၂၉ရက်နေ့တွင် PNO/ PNA သည် မိမိနယ်မြေလုံခြုံရေး အရေးကို ကာကွယ်နိုင်ရန်အတွက် အကြောင်းအရင်းဖြင့် စစ်မှုထမ်းခြင်းနှင့် စပ်လျဉ်းပြီး စာများ ထုတ်ပြန်ခဲ့ခြင်းနှင့် စစ်ကောင်စီထံမှ ရရှိလာသည့် လက်နက်ဖြင့် ပြည်သူများကို တပ်ဆင်ခြင်းများ စတင်ပြုလုပ်ခဲ့သည်။ ဖေဖော်ဝါရီလ စတင်၍ PNA အုပ်ချုပ်ရေး သက်ရောက်မှုအားကောင်းသည့်ကျေးရွာများတွင် စစ်သားစုဆောင်းခြင်းများစွာ ဖြစ်ပေါ်ခဲ့ပြီး၊ ဒေသခံလူထုများသည် စစ်မှုမထမ်းလိုကြသောကြောင့် စစ်မှုထမ်းလုပ်ဆောင်နိုင်သူကို ရှာဖွေပြီး လူစားငှား ငွေကြေးပေးရခြင်း၊ PNA အာဏာပိုင်များကို တိုက်ရိုက်ငွေကြေးထည့်ပေးရခြင်း၊ နီးစပ်ရာနိုင်ငံများတွင် တရားမဝင် ဝင်ရောက်တိမ်းရှောင်ကြရခြင်း စသည့်ပုံစံဖြင့် စစ်မှုထမ်းခြင်းကို တိမ်းရှောင်နေကြသည်။

ဤကဲ့သို့သောဖြစ်စဉ် ဆက်လက်ဖြစ်ပေါ်လာပြီးနောက်ပိုင်း PNA၏ ကိုင်တွယ်မှုပုံစံမှာ ပြောင်းလဲလာသည်ကို တွေ့ရပြီး စစ်ဘေးရှောင်သည့် ဒေသခံပြည်သူများကို နေရပ်များကို ဖိအားပေးအိမ်ပြန်စေခြင်းများ များစွာဖြစ်ပေါ်ခဲ့ပြီး ပြန်လာသည့် စစ်ရှောင်ပြည်သူများ စစ်သားစုဆောင်းများ ပြုလုပ်ခြင်း၊ အခြားသို့ ရောက်ရှိနေသည့် အရွယ်ရောက်လူငယ်များ စစ်မှုထမ်းခြင်းမလုပ်နိုင်သူများ ငွေကြေးထည့်စေခြင်း၊ အမျိုးသမီးများနှင့် ကျောင်းသားများကိုပါ စစ်သင်တန်းတက်စေခြင်းများ ပြုလုပ်လာသည်။

စစ်အခြေခံသင်တန်းကို (၃)ရက်မှ (၁၅)ရက် တက်ရောက်စေပြီး ရှေ့တန်းအင်အားအဖြစ် အသုံးပြုခြင်းများလည်း ဖြစ်ပေါ်လာသည်။ ဒေသခံပြည်သူများသည် ဤစစ်မှုထမ်း၊ စစ်သားစုဆောင်းခံရခြင်းနှင့်ပတ်သက်ပြီး စစ်မှုမထမ်းလိုခြင်းကြသလို စစ်သားစုဆောင်းခံရသူများအဖို့ လူစားခေါ်ငှားရမ်းနိုင်ရန်အတွက်လည်း စီးပွါးရေးနှင့် ငွေကြေးတန်ဖိုးများ အလွန်အမင်းကျဆင်းမှုများလည်း ဖြစ်ပွါးနေသဖြင့် စီးပွါးပျက်ကျမှုများနှင့် ကြုံနေရသည့် ပြည်သူများအတွက် အကျပ်အတည်းများစွာ တွေ့ကြုံနေရကြောင်း ဒေသခံများ၏ ဖြေကြားချက်များကို ခြုံငုံသုံးသပ်ချက်ထားများအရ သိနိုင်သည်။

- စစ်သားစုဆောင်းခံရသည့် ဒေသခံပြည်သူများ၊ လူငယ်များသည် ဖိအားပေးခံရခြင်းများနှင့် လွန်ဆန်ငြင်းဆန်နိုင်သည့် အခွင့်အရေးများမရှိကြသောကြောင့် စစ်သင်တန်းများ တက်ရောက်ကြရပြီး ထိုအထဲမှ အနည်းစုကသာ စစ်မှုထမ်းကို စိတ်ပါဝင်စားကြသည်ကို တွေ့ရသည်။
- ရှမ်းတောင် (ပင်လောင်း)သို့ တိမ်းရှောင်လာသည့် ကယားကရင်နီပြည်နယ် ဒေသခံပြည်သူများထဲမှ ဒရုန်းနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းသည့် အရပ်သားများကို ရှမ်းတောင်ဒေသရှိ ဆေးရုံ ဆေးခန်းများတွင် ဆေးကုသမှုခံယူခြင်းများ မပြုလုပ်သည်ကိုတွေ့ရပြီး ကယားကရင်နီပြည်နယ်ဘက်တွင် ပြန်လည်သွားဆေးကုသမှု ပြုလုပ်ကြသည်ကိုတွေရသည်။ ဤအချက်သည် ခွဲခြားဆက်ဆံခံရခြင်း၊ ဆေးရုံဆေးခန်းတွင် လက်မခံခြင်း၊ ဂိတ်ဖြတ်ကျော်ခြင်း၊ PNA ၏ ဖိအားပေး ခြိမ်းခြောက်ခြင်းများ စသည်များ ကြုံတွေ့ခဲ့ရသည့်အတွက် ဖြစ်သည်ဟု နီးစပ်သည့် ဒေသခံများက ဆိုသည်။
- ယခုရှမ်းတောင်တွင် မြေပြင်စစ်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားမှုရှိနေသည့် ဆီဆိုင်နှင့် ပင်လောင်းဖြစ်ပြီး ဧရိယာနှစ်ခုလုံးတွင် စစ်ကောင်စီနှင့် PNA ထိုးစစ်ဆင်မှုပြန်လည်အားကောင်းလာသည်ကိုတွေ့ရပြီး ဒရုန်း၊ လက်နက်ကြီးပစ်ခတ်မှု တဖန်ပြန်မြင့်တက်လာပြီး အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုသည်လည်း ပြန်လည်မြင့်တက်လာသည်။

# လွတ်လပ်စွာထုတ်ဖော်ခွင့်များဆိုင်ရာ အခြေအနေများနှင့် ဒေသတွင်း သတင်းထုတ်ဖော်မှုများအပေါ် အာဏာပိုင်အစုအဖွဲ့များ၏ တုန့်ပြန်မှုများ

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် သမိုင်းတလျှောက်လုံး၌ အစဉ်ပိတ်ပင်ခံရ၊ ပိတ်ပင်တားဆီးခြင်းခံခဲ့ကြရတဲ့ အရာများအဖြစ်မှ စစ်အာဏာသိမ်းခဲ့သည် ၂၀၂၁ ခုနှစ်မှစပြီး၊ မူရင်းရှိနေသော အခြေအနေထက် နောက်ပြန်ဆုတ်ပြီး ထုတ်ဖော်ပြောဆိုမှုအခွင့်အရေးများအပေါ် ဖိနှိပ်မှုများ၊ ဆိုးဝါးစွာ ပိတ်ပင်တာဆီးခံရမှုများသည် နေရာအစုံ၊ ကဏ္ဍအစုံ တွင် ပိုမိုကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည်။ ဒေသတွင်းရှိ အလွှာအသီးသီးမှ လူငယ်များ၏ လူမှုကွန်ရက်၊ စာမျက်နှာများ၏ ရေးသား၊ ပြောဆိုမှုများမှစပြီး အခြားသော လွတ်လပ်စွာ ထုတ်ဖော်ဆိုခွင့်များ အားလုံး၏ အဆင့်လိုက် ၊ အလွှာလိုက်တိုင်းတွင် စောင့်ကြည့်၊ ထိန်းချုပ်ခံနေရခြင်းဖြစ်သည်။

အရပ်သားပြည်သူများ၏ တော်လှန်ရေး၊ နိုင်ငံ့အရေးဆိုင်ရာ အကြောင်းအရာနှင့် စပ်လျဉ်းသော ပြောဆိုရေးသားမှုများကို စောင့်ကြည့်၊ ခြေရာခံပြီး PNA တပ်ဖွဲ့များက ၎င်းတို့၏ ကျေးရွာအဆင့်အုပ်ချုပ်ရေးယန္တရားများမှ တဆင့်၊ ထိုပြောဆိုရေးသားမှုများကို ဆိုးဝါးစွာ ခြိမ်းခြောက်၊ တားဆီးပိတ်ပင်ခဲ့သည့် ဖြစ်စဉ်များလည်း ဒေသအနှံ့တွင် တွေ့ရသည်။ ထုတ်ဖော်ပြောဆိုမှုများ လုပ်ဆောင်ခဲ့သည့် လူငယ်များကို ဖမ်းဆီးထောင်ချမှုများအပြင် အချို့လူငယ်များကို ဒေသမှ ရွှေ့ပြောင်းနေရခဲ့ရသည့် အဆင့်ထိ ခြိမ်းခြောက်မှု၊ တားဆီးမှုများ နှင့် ကြုံနေခြင်းဖြစ်သည်။

စစ်ကောင်စီအာဏာသိမ်းပြီးနောက်ပိုင်း ရှမ်းတောင်ဒေသတွင်းရှိ ဆီဆိုင်နှင့် ပင်လောင်းဒေသတွင်ဖြစ်ပေါ်ခဲ့သည့် စစ်ပဋိပက္ခများအတွင်း PNA တပ်ဖွဲ့ဝင်များနှင့် ၎င်းလော်ဘီများ၏ လူမျိုးမုန်းတီးရေး လှုံ့ဆော်သည့် အရေးအသားများ၊ ပြောဆိုမှုများ များစွာရှိနေကြောင်းကို ကောက်ယူရရှိသော မှတ်တမ်းများအရ ထင်ထင်ရှားရှားတွေ့နိုင်သည်၊

ထို့အပြင် ဆီဆိုင်မြို့နယ်အတွင်းရှိ နောင်ရင်းရွာသူကြီးနှင့် အခြားတက်ကြွလူငယ်ကို ကျေးရွာတွင်ရှိနေစဉ်၊ PNA တပ်ဖွဲ့ဝင်များမှ ဖမ်းဆီးနိုက်စက်ပြီး၊ သတ်ဖြတ်လိုက်သော ဖြစ်ရပ်များသည်၊ ဒေသတွင်း၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အဆင့်အတန်းနှင့် အခြေအနေကို လှစ်ဟပြလိုက်သလို ဖြစ်နေပြီး ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာ နှင့် ဒေသအရေး၊ ဒေသလူမှုရေးလုပ်ငန်းဆိုင်ရာ အရေးလုပ်ဆောင်နေသည့် အရပ်သားများကို ပိတ်ပင်၊ တားဆီးပြီး ပေါ်ပေါ်ထင်ထင် ခြိမ်းခြောက်နေသည့် လုပ်ရပ်ဖြစ်သည်၊

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ရှမ်းတောင်ဒေသ၏ သတင်းလွတ်လပ်ခွင့် ကျဆင်းလာမှု အခြေအနေများသည် နိုင်ငံတဝှမ်းဒေသများက သတင်းထုတ်ဖော်မှု လွတ်လပ်ခွင့် ဖိနှိပ်ခံရမှု အခြေအနေများနှင့် အလားတူပင်ဖြစ်နေသည်၊ အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်းမှ စတင်ပြီး စစ်ကောင်စီက သတင်းမီဒီယာများကို ပိုမိုဖိနှိပ်လာပြီး သတင်းမီဒီယာသမားများကိုလည်း နည်းအမျိုးမျိုး၊ ပုဒ်မများအမျိုးမျိုးဖြင့် သတင်းမီဒီယာများ၏ သတင်းထုတ်ဖော်မှုများကို ပိတ်ပင်၊ တားဆီးခဲ့သည်။

သတင်းမီဒီယာအများစုသည်လည်း လုပ်ငန်းလုပ်ခွင့် လိုင်စင်ပိတ်သိမ်းခံရပြီး ဒေသတွင်းတွင် သတင်းမီဒီယာလုပ်ငန်းများ လုပ်ကိုင်ရန် ခက်ခဲလာခဲ့သည့်အပြင်၊ စစ်ကောင်စီက သတင်းမီဒီယာ သမားများအား ဦးတည်ဖမ်းဆီးမှုများကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဒေသများသို့ နေရာပြောင်းရွှေ့ပြီး ဒေသတွင်း သတင်းထုတ်ဖေါ်မှုများကို ဆက်လက်လုပ်ကိုင်နေကြရကြောင်း ဒေသတွင်းမီဒီယာများက ဆိုကြသည်၊

စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီ၏ သတင်းမီဒီယာအပေါ် ဖိနှိပ်မှုကြောင့် အိမ်နီးချင်းနိုင်ငံသို့ ပြောင်းရွှေ့ခဲ့ရသည့် ရှမ်းတောင်တွင် အခြေစိုက်သည့် ခမ်းသားဝေါ်သတင်းဌာနသည်လည်း PNO/PNA တပ်ဖွဲ့များ၏ ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့ခဲ့ရသည့်အပြင်၊ စစ်ကောင်စီ အတင်းအဓမ္မ နိုင်ငံအာဏာသိမ်းယူပြီးနောက်ပိုင်း ခမ်းသားဝေါ်သတင်းထောက်တဦးလည်း အာဏာသိမ်းစစ်ကောင်စီ၏ ဖမ်းဆီးထောင်ချခြင်းခံခဲ့ရကြောင်း ခမ်းသားဝေါ် မီဒီယာမှ ဖြေကြားထားသည်။ ရှမ်းတောင် နေရာ၊ ဒေသအသီးသီးတွင်း သတင်းယူနေကြသည့် ခမ်းသားဝေါ်သတင်းထောက်များသည်လည်း ခြိမ်းခြောက်မှု၊ ဖိနှိပ်မှုအမျိုးမျိုးကြားထဲမှ သတင်းရယူခြင်း လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေရကြောင်းလည်း သိရသည်။

သတင်းဌာနနှင့် ဆက်စပ်သော လူမှုကွန်ရက်စာမျက်နှာများနှင့် သတင်းဌာန၏ သတင်းထောက်များကိုလည်း အမျိုးမျိုးသော တိုက်ခိုက်မှု၊ လူပုဂ္ဂိုလ်ကို အမည်တပ်ပြီး ခြိမ်းခြောက်ခြင်းမျိုးများအထိကဲသို့သော စစ်ကောင်စီနှင့် PNA ၏ သတင်းမီဒီယာအပေါ် ဖိနှိပ်မှုများအပြင်၊ ဒေသတွင်းသတင်းဌာနများကို စစ်ကောင်စီနှင့် PNA လော်ဘီများမှ တဆင့် ဒေသခံများနှင့် ရန်တိုက်ပေးခြင်းစသည့် လွတ်လပ်စွာ သတင်းထုတ်ဖေါ်မှု အခြေအနေဆိုင်ရာ ခြိမ်းခြောက်မှုများ၊ ဒေသတွင်းတွင် ဆိုးဝါးစွာ ဖြစ်ပေါ်လာနေကြောင်း ဒေသတွင်းသတင်းဌာနများက PYO ကို ပြောပြထားသည်။

ဒေသတွင်းစစ်ပွဲများဖြစ်ပွါးနေစဉ်တွင် ဒေသစစ်ရေးအခြေအနေနှင့်စပ်လျဉ်း၍ သတင်းထုတ်ဖေါ်၊ ရေးသားသည့် အရပ်သားပြည်သူလူထုများ၊ သတင်းမီဒီယာများနှင့် ဆက်သွယ်မှုရှိနေသည့် အရပ်သားများကို၊ အာဏာသိမ်းစစ်ကောင်စီနှင့် PNA တပ်ဖွဲ့များက လိုက်လံဖမ်းဆီးမှုများမှု၊ စောင့်ကြည့်မှုများအပြင် အသက်အန္တရာယ်များ ခြိမ်းခြောက်မှုများပါ လုပ်ဆောင်နေကြောင်း ဒေသခံများဖြေကြားထားသည်။

# စစ်ပွဲများကြားမှ လူငယ်ထုများ၏ ဘေးဒုက္ခ၊ ကြုံရသည့်စိန်ခေါ်ချက်များ နှင့် သူတို့၏ ဖြေကြား၊တုန့်ပြန်မှုများ။

စစ်ကောင်စီ၏ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် PNA ၏ စစ်သားခေါ်ယူသည့် ကိစ္စရပ်များဖြစ်ပွါးပြီးနောက်ပိုင်း နီးစပ်ရာအိမ်နီးချင်းနိုင်ငံများသို့ ထွက်ခွါကြအလုပ်လုပ်ထွက်လုပ်ကြရသော ရှမ်းတောင်ဒေသမှ (ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုံး၊ တောင်ကြီး) လူတန်းစားအလွှာအသီးသီးမှ လူငယ်အရေအတွက်သည် ယခင်ကာလများရှိ လူငယ်အရေအတွက်၏ (၅၀-၇၀)ရာခိုင်းနှုန်းရှိနိုင်ကြောင်း ဒေသတွင်းလူမှုရေးအဖွဲ့များထံမှ သိရသည်။ အကြောင်းအမျိုးမျိုးကြောင့် ထွက်ခွါးခြင်းမပြုနိုင်သည့် လူငယ်များသည်လည်း PNA တပ်ဖွဲ့ဝင်များ ခေါ်ယူသည့် ရွာလုံးကျွတ်လူငယ်များအားလုံး အခြေခံရက်တိုစစ်သင်တန်း ( ၃ရက်သင်တန်း) များကို တက်ရောက်ခဲ့ရပြီး ထိုအထဲမှ လူငယ်များအချို့ကို စစ်ကောင်စီအုပ်စုနှင့် တော်လှန်ရေးတပ်ဖွဲ့များ စစ်ရေးပြင်းထန်နေသည့် ရှေ့တန်းနေရာများတွင် စစ်အင်အားပြသည့်အနေဖြင့် ပို့ဆောင်ခြင်းခံနေရကြောင်း အဆိုပါဖြစ်စဥ်များနှင့် နီးစပ်သည့် ဒေသခံများက ပြောပြသည်၊

ဇူလိုင်လ ဒုတိယပတ်များအတွင်း ပင်လောင်းမြို့နယ်မှ တီကျစ်ဒေသ အရှေ့ဖက်ရှိ လွယ်မောအုပ်စုမှ ကျေးရွာပေါင်း ၂၄ ရွာခန့်က၊ သတ်မှတ်စစ်မှုထမ်း အသက်အရွယ်အတွင်း အကျုံးဝင်သည့် ဒေသခံအရပ်သားများအားလုံး ( ၁၇၀၀ ဦးခန့်) ကို PNA တပ်ဖွဲ့က ၎င်းတို့ပေးသည့် ရက်တိုစစ်သင်တန်းတွင် ( ၅ရက်) မဖြစ်မနေတက်ရောက်ခိုင်းခဲ့ပြီး၊ အကယ်၍ ၁ ရက် ပျက်ကွက်ပါက ဒဏ်ကြေးကျပ် ငါးသောင်းကျပ် ( ၅၀၀၀၀ကျပ်) ပါ ငွေထည့်ပေးခဲ့ရသည်။ ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုံး အပြင် ပတ်ဝန်းကျင်ဒေသ မြို့နယ်များတွင်လည်း ဒေသခံ အရပ်သားလူငယ်များအား PNA မှ စစ်သားအဖြစ် ခေါ်ယူစုဆောင်းနေသည်များ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည်။

ထို့အပြင် ပင်လောင်းမြို့နယ်၏ တောင်ဘက်ပိုင်းရှိ ဆောင်းပြောင်းဒေသမှ စစ်ဘေးတိမ်းရှောင်ပြည်သူများကို PNA နှင့် တပ်ဖွဲ့များက အတင်းအကျပ် စစ်မှုထမ်းခိုင်းနေကြောင်းသိရသည်။ စစ်မှုထမ်းခြင်းများ မပြုလုပ်ပါက နေရပ်သို့ပြန်ခွင့်မပြုခြင်း၊ နေအိမ်သို့ပစ္စည်းများ ပြန်ယူခွင့်မပြုခြင်း စသည့်နည်းများဖြင့် ဖိအားပေးမှုများ ရှိနေကြောင်း သိရသည်။

PNA စစ်သင်တန်းခေါ်ယူတက်ရောက်ခိုင်းခြင်းခံရသည့် အချို့လူငယ်များလည်း ဒေသတွင်းလုံခြုံရေးအတွက်ဟု ဆိုကာ PNA လက်နက်တပ်ဆင်ပေးပြီး အလှည့်ကျလိုက်ဖြင့် ဒေသတွင်းတွင် ကင်းလှည့်ပေးနေရသည်၊ ထို့အပြင်စစ်မှုမထမ်းလို၍ ပြည်ပသို့တိမ်းရှောင်နေကြသည့် စစ်မှုထမ်းခေါ်ယူမည့် အသက်အရွယ်အတွင်း အကျုံးဝင်နေသည့် ရွာလုံးကျွတ်လူငယ်များအားလုံးတက်ရသည့် အခြေခံရက်ပိုင်းသင်တန်းကို မတက်နိုင်သည့် အခြားဒေသသို့ရောက် လူငယ်များလည်း တယောက်ကိုအနဲဆုံး ၅၀၀၀၀ ကျပ်နှင့်အထက် ပေးဆောင်နေရခြင်းဖြစ်သည်။ ထို့အပြင် ပြည်ပရောက်လူငယ်များထဲမှ မဲနှိုက်စနစ်ဖြင့် စစ်မှုထမ်းရမည့် စာရင်းထဲပါခဲ့လျှင်လည်း ဒေသများအလိုက်အပေါ်မူတည်ပြီး တဦးကို ၄ သိန်းနှင့် ၆သိန်းဝန်းကျင်အထိ ပေးဆောင်ရနေရသည်၊ အိမ်ထောင်စုများတွင်ရှိသော လူငယ်အရေအတွက်များအတိုင်း တဦးချင်းစီတိုင်းအလိုက် ၎င်းတို့အတွက် စစ်မှုထမ်းကြေးများပေးဆောင်နေရခြင်းဖြစ်သည်။

အဆိုပါPNA နှင့် စစ်ကောင်စီတပ်ဖွဲ့များ၏ မဖြစ်မနေဝင်ရမည့်၊ အတင်းအကျပ် စစ်မှုထမ်းတပ်သား ခေါ်ယူမှုများကြောင့်၊ အတင်းအဓမ္မ စစ်သားစုဆောင်းခံရမှုများကြောင့် ဒေသတွင်း လူငယ်များအပေါ် ဆိုးဝါးစွာ သက်ရောက်နေသည့် ဖိအားပေးမှု၊ ဖိနှိပ်မှုတရပ်ဖြစ်နေပါသည်။ အဆိုပါဒဏ်များကြောင့် စိတ်ပိုင်း၊ ရုပ်ပိုင်း ဆိုင်ရာ ဖိအားမှုဒဏ်အမျိုးမျိုးကြောင့် ကိုယ့်ကိုယ်ကို အဆုံးစီသွားသည့် လူငယ်အမျိုးသား၊ အမျိုးသမီးများ၏ ပမာဏလည်း ပိုမိုမြင့်တက်လာနေသည်ကို PYO စုံစမ်းရရှိထားသည့် အချက်အလက်များက ဖော်ပြနေသည်။ အခက်အခဲ၊ အကျပ်အတည်းနှင့် လူမှုဘဝမျိုးစုံအပေါ် ပြင်းထန်ဆိုးဝါးစွာ ဖိနှိပ်မှုများကြောင့် လူငယ်များအပြင် သက်လတ်ပိုင်း၊ သက်ကြီးပိုင်း ပြည်သူများ၏ မိမိကိုယ်ကို အဆုံးစီရင်သည့် ဖြစ်ရပ်များလည်း ၂၀၂၁ စစ်ကောင်စီအာဏာသိမ်းချိန်မှစပြီး ဒေသအနှံ့တွင် ပိုမို ဖြစ်ပေါ်နေဆဲဖြစ်သည်။

## ပညာရေး

ရှမ်းတောင်စစ်ပဋိပက္ခဖြစ်ပွါးပြီး ၅ လအပြီးတွင် ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်တွင် နယ်မြေဒေသမတည်ငြိမ်မှုများကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသည့် အခြေခံပညာစာသင်ကျောင်း ၇၀ ကျောင်းဝန်းကျင် ခန့်ရှိနေပြီး ( ဆီဆိုင် ၃၀ ကျောင်း၊ ပင်လောင်း ၃၂ )၊ ထိုစာသင်ကျောင်းများရှိရာ ကျေးရွာများထဲမှ ထက်ဝက်ကျော်ခန့်သည်လည်း ယခု ဇူလိုင်လအချိန်အထိ စစ်ဘေးတိမ်းရှောင်နေရဆဲဖြစ်သည်၊ ထိုပိတ်ပင်ထားသည့် ကျောင်းများထဲမှ ကလေးဦးရေ၏ ရာခိုင်နှုန်းအနဲငယ်ခန့်သာ နီးစပ်ရာအခြေခံပညာကျောင်းနှင့် ရောက်ရှိရာအရပ်ရှိ အခြေခံပညာကျောင်းများတွင် ဆက်လက်ကျောင်းတက်နိုင်ကြောင်းသိရပြီး၊ ထိုပိတ်ခံထားရသည့် ကျောင်းများဝန်းကျင်ရှိ လက်ရှိဖွင့်လှစ်နိုင်သည့် အခြေခံပညာကျောင်းများတွင်လည်း ဒေသအခြေအနေမတည်မငြိမ်မှုများကြောင့်နှင့်၊ ဒေသလုံခြုံရေးစိုးရိမ်နေရသည့် ၊ မဖြစ်မနေ ဖွင့်နေရသည့် အခြေအနေများအရ အတန်းကျောင်းစာသင်ချိန်ကိုလည်း ပုံမှန်ဖွင့်လှစ်နိုင်ခြင်း မရှိသေးကြောင်းလည်းသိရသည်၊

စစ်ပဋိပက္ခဒဏ် ရိုက်ခတ်မှုခံရသည့်ကာလအတွင်း အခြေခံကျောင်းများတွင် ပညာသင်နေသည့် ကျောင်းသားအရွယ် ကလေး၊ သားသမီးများကို ဘေးကင်းလုံခြုံစေရန်နှင့် အတန်းပညာများကို ဆက်လက်သင်နိုင်စေရန် ရောဝတီ၊ ရန်ကုန်နှင့် မန္တလေး စသည့် ဒေသများရှိ မိဘမဲ့ကျောင်းနှင့် ဘုန်းကြီးကျောင်းများကို ပို့ထားနေရကြောင်း သား ၂ ဦးကို ရန်ကုန်တိုင်းရှိ ဘုန်းကြီးကျောင်းတကျောင်းသို့ ပို့ထားနေရသည့် ဖခင်တဦးက ၎င်း၏ ဒေသအခြေအနေ အကြောင်းကို ပြောပြသည်။ တောင်ကြီး၊ ညောင်ရွှေနှင့် အောင်ပန်းနှင့် ကလော စသည့်မြို့များတွင် ပြောင်းရွှေ့ကျောင်းတက်ရောက်နိုင်သော်လည်း ထိုကျောင်းနေစရိတ်အတွက်ပင် ထောက်ပံ့မှုပေးနိုင်တော့ခြင်းမရှိနေတော့သည့် အများစုသော မိဘများအတွက်အဖြေသည် နယ်ဝေးအောက်ပြည် ဒေသများရှိ ကလေးစောင့်ရှောက်ရေး နေရာများသို့ မိမိ ကလေးများကို ပို့ထားခြင်းဖြစ်သည်ဟု၎င်းက ဆက်ပြောပြသည်၊

# လူငယ်များ၏ ဘေးကင်းလုံခြုံမှု ဆိုးဝါးစွာ ဖျက်ဆီးခံရသည့် အခြေအနေများ

## လူငယ်များသတ်ဖြတ်ခံနေရမှု အခြေအနေများ

၂၀၂၄ ခုနှစ် မေလအတွင်းတွင် လူငယ်အရေး၊စစ်ရှောင်အရေးကို ကူညီဆောင်ရွက်ပေးသည့် ဆီဆိုင်မြို့နယ် နောင်ရင်းဒေသခံ လူငယ် ၂ ဦး (ကျေးရွာသူကြီး၊ တက်ကြွလူငယ်) ကို PNA ပြည်သူ့စစ်က ဖမ်းဆီးသတ်ဖြတ်ခဲ့သည်၊ ထိုသတ်ဖြတ်မှုသည် နောင်လူငယ်များနှင့် အခြားဒေသခံပြည်သူများကို လူငယ်အရေး၊ စစ်ရှောင်ပြည်သူများ၏အရေး၊ လူ့အခွင့်အရေးနှင့် လူမှုရေး လုပ်ငန်းများကို ဆက်လက်လှုပ်ရှားနိုင်ခြင်း မပြုနိုင်အောင်၊ မလုပ်ရဲအောင် ခြိမ်းခြောက်လုပ်ပြသွားသည့်ပုံစံဖြစ်နေကြောင်း ဒေသလူငယ်များအရေး လုပ်ဆောင်နေသူများက ဆိုသည်၊

ရှမ်းတောင် စစ်ပဋိပက္ခအတွင်း လူငယ်များအစုအလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းခံခဲ့ရသည့် ဖြစ်စဉ်၊ ဖြစ်ရပ် အနဲဆုံး ၃ ကြိမ်ရှိခဲ့သည်၊ အများစုသည့် စစ်ရှောင်နေစဉ် ရှားပါးလာနေသည့် အရေးပေါ်စားနပ်ရိက္ခာများကို ဖြည့်တင်းရန် မိမိတို့နေရပ်သို့ ပြန်သွားယူကြရာချိန်တွင် သတ်ဖြတ်ခံကြရခြင်းဖြစ်ပြီး၊ ထိုအသတ်ခံရသည့် လူငယ်များထဲတွင် အသက် ၁၆ နှစ်အောက် ကျား၊ လူငယ် ၁၀ ဦးခန့် ပါဝင်သည်၊

အဆိုပါ ဖြစ်စဉ်များကဲ့သိုပင် ၂၀၂၄ ခုနှစ် ဇွန်လပထမပတ်အတွင်းတွင်၊ ဆီဆိုင်နှင့် လွိုင်ကော်မြို့နယ် အစပ်ရှိ ကုန်းဆွတ်ကျေးရွာမှ အပြစ်မဲ့လူငယ်အမျိုးသား ၄ ဦး သတ်ဖြတ်ခြင်းခံခဲ့ရသည်။ သတ်ဖြတ်သွားသည့် အဖွဲ့အစည်းများနှင့် ပတ်သတ်ပြီး PYO မှ သီးခြားအတည်မပြုနိုင်သေးသော်လည်း၊ ထိုလူငယ် ၄ဦး သတ်ဖြတ်ခံခဲ့ရသည့် အဆိုပါ ဇွန်လပထမပတ်များအတွင်းတွင်ပင်၊ ထိုဒေသ၌ စစ်ကောင်စီနှင့် PNA တို့ ထိုးစစ်ဆင်နေခဲ့ပြီး၊ ထို့နောက် ဇွန်လ ၂၁ ရက်နေ့တွင်မှ ထိုဒေသကို ၎င်းတို့အနေဖြင့် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ စသည့် ရေးသားပြောဆိုချက်များ PNA နှင့် နီးစပ်သည့် လူမှုကွန်ရက်များ၊ ၎င်းလော်ဘီများ၏ ပြောဆိုရေးသားထားသည့်ကို တွေ့ရသည်။

ရှမ်းတောင်ဒေသ ၆ လတာ စစ်ပဋိပက္ခအတွင်း ကလေးဦးရေ ( အသက် ရက်ပိုင်းအရွယ်မှ - ၁၈နှစ်အထိ) ( ၁၆ )ဦးနှင့် အထက် သေဆုံးပြီး ( ၂၄ )ဦးထိခိုက်ဒဏ်ရာရခဲ့ပြီးဖြစ်သည်။ ထိခိုက်ဒဏ်ရာရ၊ သေဆုံးသည့် အကြောင်းရင်းအများစုသည် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် ကြွင်းကျန်လက်နက် ( သို့မဟုတ်) မြေမြုပ်မိုင်းများ ပေါက်ကွဲခြင်း စသည့် အကြောင်းရင်းများအပြင် နှိုက်စက်သတ်ဖြတ်ခံရခြင်းများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဖမ်းဆီးခံခဲ့ရခြင်း စသည့် များကို ကြုံတွေ့ နစ်နာခဲ့ရသည့် ကလေးနှင့် လူငယ် အရေအတွက် ( ၁၅၀ ) ဦးခန့်၏ ဖြစ်စဉ်အချက်အလက်များကို ၊ PYO မှ စာရင်းရရှိထားသည်။

## လူငယ်ထုအပေါ် စစ်ကောင်စီစစ်မှုထမ်းဥပဒေနှင့် PNA စစ်သားစုဆောင်းမှု၏ သက်ရောက်လာမှုများ

စစ်ကောင်စီ၏ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် PNA ၏ စစ်သားခေါ်ယူသည့် ကိစ္စရပ်များဖြစ်ပွါးပြီးနောက်ပိုင်း နီးစပ်ရာအိမ်နီးချင်းနိုင်ငံများသို့ ထွက်ခွါကြအလုပ်လုပ်ထွက်လုပ်ကြရသော ရှမ်းတောင်ဒေသမှ (ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုံး၊ တောင်ကြီး) လူတန်းစားအလွှာအသီးသီးမှ လူငယ်အရေအတွက်သည် ယခင်ကာလများ၏ လူငယ်အရေအတွက်၏ (၅၀-၇၀)ရာခိုင်နှုန်းခန့် ရှိနိုင်ကြောင်း ဒေသတွင်းလူမှုရေးအဖွဲ့များထံမှ သိရသည်။ အကြောင်းအမျိုးမျိုးကြောင့် ထွက်ခွါးခြင်းမပြုနိုင်သည့် လူငယ်များအာလုံးသည်လည်း PNA တပ်ဖွဲ့ဝင်များ ခေါ်ယူသည့် ရွာလုံးကျွတ်လူငယ်အခြေခံရက်တိုစစ်သင်တန်း ( ၃ - ၁၅ ရက် )ရက်တို သင်တန်းများကို တက်ရောက်ခဲ့ရပြီး၊

ထိုအထဲမှ လူငယ်များအချို့ကို စစ်ကောင်စီအုပ်စုနှင့် တော်လှန်ရေးတပ်ဖွဲ့များ စစ်ရေးပြင်းထန်နေသည့် ရှေ့တန်းနေရာများတွင် စစ်အင်အားပြည့်အနေဖြင့် ပို့ဆောင်ခြင်းခံနေရကြောင်း အဆိုပါဖြစ်စဥ်များနှင့် နီးစပ်သည့် ဒေသခံများက ပြောပြသည်။

၂၀၂၄ ခုနှစ် မတ်လဝန်းကျင်ခန့်တွင်၊ ရှမ်းပြည်တောင်ပိုင်းမှ အရှေ့ပိုင်း ထိုင်းနိုင်ငံနယ်စပ်ပေါက် တာချီလိတ်မြို့သို့ ဆက်သွယ်ထားသည့် ခရီးသွားလမ်းများပေါ် ရှိ စစ်ဆေးရေးဂိတ်များတွင်၊ စစ်ကောင်စီနှင့် ပြည်သူ့စစ်တပ်ဖွဲ့များ စုပေါင်းပြီး ပြည်ပသို့ တိမ်းရှောင်၊ ထွက်ခွါကြမည့် လူငယ်များကို ပိတ်ပင်တားဆီး၊ ဖမ်းဆီးမှုများလည်းရှိခဲ့ပြီး ထိုဖမ်းဆီးခံခဲ့ရသည့် လူငယ်များအထဲတွင် အသက်အရွယ်မပြည့်သေးသည့် ကလေးငယ်များနှင့် အမျိုးသမီးများလည်း အများအပြားပါဝင်နေကြောင်းသိရသည်၊ ထိုဖမ်းထားသည့် လူငယ်များသည် လူမျိုးအလိုက် သက်ဆိုင်ရာလူမျိုးပြည်သူ့စစ်တပ်ဖွဲ့များထံသို့ ပို့ဆောင်ခြင်း ခံခဲ့ကြရသည်။ ထို ပို့ဆောင် ဖမ်းဆီးခံထားရသည့် လူငယ်များကိုလည်း ငွေကြေးများဖြင့် သွားရောက်ထုတ်ယူပါမှ လွတ်ပေးခဲ့ကြကြောင်းလည်း ဒေသသတင်းဖော်ပြမှုများတွင် တွေ့ရသည်။

ဧပြီလအတွင်း ညောင်ရွှေမြို့နယ် ညောင်လေးပင်ဒေသ အင်းလေးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ဖြစ်ပွါး တိုက်ပွဲများအပါအဝင် ရှမ်းတောင်ဒေသတွင်း စစ်ကောင်စီနှင့် တော်လှန်ရေးတပ်ဖွဲ့တို့ ဖြစ်ပွါးကြသည့် တိုက်ပွဲအများစုတွင် စစ်ကောင်စီဘက်သို့ PNA တပ်ဖွဲ့များဝင်တိုက်ပေးနေရသည်ဟု PNA တပ်ဖွဲ့ဝင်များ၏ လူမှုစာမျက်နှာများတွင် ဖော်ပြချက်များအရသိရသည်။ အဆိုပါမြေပြင်တိုက်ပွဲများတိုင်းလိုလိုမှာပင် စစ်ကောင်စီတပ်သားများက ရှေ့တန်းစစ်မျက်နှာ တိုက်ပွဲများမှ ရှောင်ကွင်းပြီး ထွက်လာမှုများ တဖြည်းဖြည်းပိုမိုများပြားလာသည့်အတွက် ၎င်းတို့တပ်ဖွဲ့နှင့် စစ်ရေးပူးပေါင်းနေသည့် PNA တပ်ဖွဲ့၏ စစ်သားစုဆောင်ခြင်းခံရသည့်၊ စစ်အတွေ့အကြုံမရှိသေးသည့်၊ ရက်တိုသင်တန်းကိုသာတက်ထားရသည့် လူငယ်များ နှင့် စစ်သားအဖြစ် ကြေးစားအငှားလိုက်ထားသော သူများသာ တိုက်မြေပြင်တိုက်ပွဲများတွင်၊ ထိခိုက်၊ သေဆုံးနေကြရကြောင်း၊ စသည့် အကြောင်းအရာနှင့်ပတ်သတ်ပြီး အတည်ပြုအနေဖြင့် အဆိုပါဖြစ်စဥ်များနှင့် ကြုံတွေ့ခဲ့ရသည့် PNA တပ်သားတဦး၏ ပြောဆိုချက်ကို၊ ၂၀၂၄ ခုနှစ် ဧပြီလ ၁၈ ရက်နေ့ထုတ် The people's voice – ခမ်းသားဝေါ်း Burmese Version သတင်းဌာန၏ သတင်းဖော်ပြချက်တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ထို့အပြင် PNA စစ်သင်တန်းခေါ်ယူတက်ရောက်ခိုင်းခြင်းခံရသည့် အချို့လူငယ်များလည်း ဒေသတွင်းလုံခြုံရေးအတွက်ဟု ဆိုကာ PNA လက်နက်တပ်ဆင်ပေးပြီး အလှည့်ကျလိုက်ဖြင့် ဒေသတွင်းတွင် ကင်းလှည့်ပေးနေရခြင်းဖြစ်သည်။ စစ်မှုမထမ်းလို၍ ပြည်ပသို့တိမ်းရှောင်နေကြသည့် စစ်မှုထမ်းရမည့် အသက်အရွယ်အတွင်း အကျုံးဝင်နေသော လူငယ်များလည်း တဦးကို ( ကျပ် ၃ သိန်းမှ - ၁၀ သိန်း) ဝန်းကျင် ပေးဆောင်နေရသည့်အပြင်၊ ဒေသတွင်းအိမ်ထောင်စုများသို့ အခြားသော စစ်အသုံးစရိတ်များ ကောက်ခံခဲ့သည့် ငွေကြေးပမာဏသည့် အနဲဆုံးကျပ်(၄သိန်း -၁၀သိန်း )သိန်းဝန်းကျင်ခန့်ရှိသည်၊ ပြည်ပရောက်လူငယ်များထဲမှ မဲနိုက်စနစ်ဖြင့် စစ်မှုထမ်းရမည့် စာရင်းထဲပါခဲ့လျှင်လည်း ဒေသများအလိုက်အပေါ်မူတည်ပြီး တဦးကို ၅သိန်းနှင့် ၆သိန်းဝန်းကျင်အထိ ပေးဆောင်ရနေရသည်။ အိမ်ထောင်စုများတွင်ရှိသော သတ်မှတ်ထားသည့် စစ်မှုထမ်း လူငယ်အရေအတွက်၏ တဦးချင်းစီတိုင်းအတွက် စစ်မှုထမ်းကြေးများ ပေးဆောင်နေရခြင်းဖြစ်သည်၊

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ဒုတိယပတ်များအတွင်း ပင်လောင်းမြို့နယ်မှ တီကျစ်ဒေသ အရှေ့ဖက်ရှိ လွယ်မောအုပ်စုမှ ကျေးရွာပေါင်း ၂၄ ရွာခန့်က၊ သတ်မှတ်စစ်မှုထမ်း အသက်အရွယ်အတွင်း အကျုံးဝင်သည့် ဒေသခံအရပ်သားများအားလုံး ( ၁၇၀၀ ဦးခန့်) ကို PNA တပ်ဖွဲ့က ၎င်းတို့ပေးသည့် ရက်တိုစစ်သင်တန်းတွင် ( ၅ရက်) မဖြစ်မနေတက်ရောက်ခိုင်းခဲ့ပြီး၊ အကယ်၍ ၁ ရက် ပျက်ကွက်ပါက ဒဏ်ကြေးကျပ် ငါးသောင်းကျပ် ( ၅၀၀၀၀ကျပ်) ပါ ငွေထည့်ပေးခဲ့ရသည်။ ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုံး အပြင် ပတ်ဝန်းကျင်ဒေသ မြို့နယ်များတွင်လည်း ဒေသခံ အရပ်သားလူငယ်များအား PNA မှ စစ်သားအဖြစ် ခေါ်ယူစုဆောင်းနေသည်များ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည်။

ထို့အပြင် ပင်လောင်မြို့နယ်၏ တောင်ဘက်ပိုင်းရှိ ဆောင်းပြောင်းဒေသမှ စစ်ဘေးတိမ်းရှောင်ပြည်သူများကို PNA နှင့် တပ်ဖွဲ့များက အတင်းအကျပ် စစ်မှုထမ်းခိုင်းနေကြောင်းသိရသည်။ စစ်မှုထမ်းခြင်းများ မပြုလုပ်ပါက နေရပ်သို့ပြန်ခွင့်မပြုခြင်း၊ နေအိမ်သို့ပစ္စည်းများ ပြန်ယူခွင့်မပြုခြင်း စသည့်နည်းများဖြင့် ဖိအားပေးမှုများ ရှိနေကြောင်း သိရသည်။

အဆိုပါPNA နှင့် စစ်ကောင်စီတပ်ဖွဲ့များ၏ မဖြစ်မနေဝင်ရမည့်၊ အတင်းအကျပ် စစ်မှုထမ်းတပ်သား ခေါ်ယူမှုများ နှင့် အတင်းအဓမ္မ စစ်သားစုဆောင်းခံရမှုများသည် ၊ ဒေသတွင်း လူငယ်များအား ဆိုးဝါးစွာ သက်ရောက်နေသည့် ဖိအားပေးမှု၊ ဖိနှိပ်မှုတရပ်ဖြစ်နေပါသည်။ အဆိုပါဒဏ်များကြောင့် စိတ်ပိုင်း၊ ရုပ်ပိုင်း ဆိုင်ရာ ဖိအားမှုဒဏ်အမျိုးမျိုးကြောင့် ကိုယ့်ကိုယ်ကို အဆုံးစီသွားသည့် လူငယ်အမျိုးသား၊ အမျိုးသမီးများ၏ ပမာဏလည်း ပိုမိုမြင့်တက်လာနေသည်ကို PYO စုံစမ်းရရှိထားသည့် အချက်အလက်များက ဖေါ်ပြနေသည်။ အခက်အခဲ၊ အကျပ်အတည်းနှင့် လူမှုဘဝမျိုးစုံအပေါ် ပြင်းထန်ဆိုးဝါးစွာ ဖိနှိပ်မှုများကြောင့် လူငယ်များအပြင် သက်လတ်ပိုင်း၊ သက်ကြီးပိုင်း ပြည်သူများ၏ မိမိကိုယ်ကို အဆုံးစီရင်သည့် ဖြစ်ရပ်များလည်း ၂၀၂၁ စစ်ကောင်စီအာဏာသိမ်းချိန်မှစပြီး ဒေသအနှံ့တွင် ပိုမို ဖြစ်ပေါ်နေဆဲဖြစ်သည်။

အဆိုပါPNA နှင့် စစ်ကောင်စီတပ်ဖွဲ့များ၏ မဖြစ်မနေဝင်ရမည့်၊ အတင်းအကျပ် စစ်မှုထမ်းတပ်သား ခေါ်ယူမှုများကြောင့် ၊ အတင်းအဓမ္မ စစ်သားစုဆောင်းခံရမှုများကြောင့် ဒေသတွင်း လူငယ်များအပေါ် ဆိုးဝါးစွာ သက်ရောက်နေသည့် ဖိအားပေးမှု၊ ဖိနှိပ်မှုတရပ်ဖြစ်နေပါသည်။ အဆိုပါဒဏ်များကြောင့် စိတ်ပိုင်း၊ ရုပ်ပိုင်း ဆိုင်ရာ ဖိအားမှုဒဏ်အမျိုးမျိုးကြောင့် ကိုယ့်ကိုယ်ကို အဆုံးစီသွားသည့် လူငယ်အမျိုးသား၊ အမျိုးသမီးများ၏ ပမာဏလည်း ပိုမိုမြင့်တက်လာနေသည်ကို PYO စုံစမ်းရရှိထားသည့် အချက်အလက်များက ဖေါ်ပြနေသည်။ အခက်အခဲ၊ အကျပ်အတည်းနှင့် လူမှုဘဝမျိုးစုံအပေါ် ပြင်းထန်ဆိုးဝါးစွာ ဖိနှိပ်မှုများကြောင့် လူငယ်များအပြင် သက်လတ်ပိုင်း၊ သက်ကြီးပိုင်း ပြည်သူများ၏ မိမိကိုယ်ကို အဆုံးစီရင်သည့် ဖြစ်ရပ်များလည်း ၂၀၂၁ စစ်ကောင်စီအာဏာသိမ်းချိန်မှစပြီး ဒေသအနှံ့တွင် ပိုမို ဖြစ်ပေါ်နေဆဲဖြစ်သည်။

# နိဂုံး

အသက်ဘေး နှင့် ဝမ်းရေး အတွက် ဒုက္ခမျိုးစုံ ကြုံတွေ့နေရသည့် စစ်ဘေးရှောင်များအား ထိရောက်သည့် ကူညီမှု မရှိသည့်အခြေအနေ မရှိသည့် အပြင် အကူအညီများ ပေးရာတွင်လည်း ဒေသခံများအချင်းချင်း ကူညီမှုများမှာ ယာယီမျှသာ ခံနိုင်ရည် ရှိနေဆဲဖြစ်သည်။ ထို့အတွက်ကြောင့် လူငယ်များမှ စစ်ဘေးရှောင်များ ကူညီဆောင်ရွက်ရာတွင်လည်း ဖိအား နှင့် အန္တာရယ်မျိုးစုံ စိန်ခေါ်ချက်များစွာလည်း ကြုံတွေ့နေရသည်။

စစ်ကောင်စီမှ စစ်ဘေးရှောင်များ ကူညီရန် ဆက်သွယ်သွားသည့်လမ်းများအား ပိတ်ဆို့ခြင်း၊ စားနပ်ရိက္ခာနှင့် ဆေးဝါးများ ပေးမသွားပဲ ဖြတ်တောက်ခြင်း၊ စစ်ဘေးသင့်လူထု၏ အသက်မွေးဝမ်းကြောင်းဖြစ်သည့် မြေယာများအား ပြန်မပေးခြင်း၊ အင်တာနက်နှင့် သတင်းများဖြတ်တောက်ခြင်းများ လုပ်ဆောင်လျက်ရှိနေသည်။ စစ်ဘေးရှောင်များအား ဖမ်းဆီးခြင်း အပါအဝင် စားနပ်ရိက္ခာများအား ပေးပို့သည့်သူများအား ဖမ်းဆီးခြင်း ၊ ရိက္ခာများအား သိမ်းယူခြင်းများ နှင့် ရင်ဆိုင်နေကြရသည်။

ထို့အပြင် စစ်ကောင်စီ လက်အောက်ခံ ပြည်သူစစ်များသည်လည်း လူသားချင်းစာနာထောက်ထားရေးခေါင်းစဉ်များဖြင့် ကော်မတီများအား ဖွဲ့စည်းစေခြင်းများ ပြုလုပ်စေလျက်ရှိသည်။ အဆိုပါ ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု စစ်ဘေးရှောင် အကူအညီများအား ၄င်းတို့ နှစ်သက်ရာ ဒေသ နှင့် လူမျိုးများသာ ဦးစားပေးပြီး နိုင်ငံရေးအရ အကျိုးအမြတ် ရယူလျက်ရှိနေသည့်အတွက် အခြားတိုင်းရင်းသား နှင့် ဘာသာခြားများအား ခွဲခြားကူညီလျက်ရှိနေသည်။ ၄င်းတို့ ထိန်းချုပ်ရာနေရာများသို့ စစ်ဘေးရှောင်များ သွားရောက်ရှောင်ရှားရန်အတွက်လည်း စိုးရိမ်နေကြရသည်။ ထို့ပြင် စစ်ကောင်စီမှ လက်အောက်ခံပြည်သူ့စစ်အား တပ်သားစုဆောင်းခြင်းများ လက်နက်တပ်ဆင်ခြင်းများ အပါအဝင် ရိက္ခာ နှင့် ငွေကြေး ကောက်ယူခြင်းများလည်းပြုလုပ်လျက်ရှိနေသည်။ စစ်ဘေးရှောင်များ၏ အဓိက ရင်ဆိုင်နေရသည်မှာ ဖြတ်လေးဖြတ် သာမက ဖြတ်ငါးဖြတ် ခံနေရခြင်း နှင့် စစ်ကောင်စီဘက်မှ စစ်ဘေးရှောင်များ ရှိနေသည်ကို လက်မခံခြင်း နှင့် စစ်ဘေးရှောင်များအား ပေးသည့်အကူအညီများအား စစ်ကောင်စီ အပါအဝင် စစ်ကောင်စီ လက်အောက်ခံ အသွင်ပြောင်းပြည်သူ့စစ်များမှ ထိန်းချုပ်လျက်ရှိနေသည်။ ထိုထိန်းချုပ်မှုများမှ တဆင့် နိုင်ငံရေးအာဏာ ရယူလိုမှု နှင့် စစ်အာနာရှင် စနစ် သက်ဆိုးရှည်စေရေးအတွက် အသုံးပြုလျှက်ရှိနေသည်။ စစ်ကောင်စီ၏ စစ်မှုထမ်း ဥပဒေကြောင့်လည်း စစ်ဘေးရှောင်မှုများ ပိုတိုးလာသည့်အပြင် စစ်ဘေးရှောင်များ အား တပ်သားအဖြစ်အဓမ္မ စုဆောင်းခြင်းအပါအဝင် စစ်ဘေးရှောင်များ ကူညီနေသည့် လူငယ်များ နယ်စပ်ပြည်ပထွက်ပြေးတိမ်းရှောင်နေကြရသည့် အတွက် စစ်ဘေးရှောင်များ ရုပ်ပိုင်း စိတ်ပိုင်း အထွေထွေအကြပ်အတည်းများ ရင်ဆိုင်နေရသည်။

လက်တွေ့တွင်လည်း စစ်ကောင်စီမှ ထိန်းချုပ်လျက်ရှိသော စစ်ဘေးရှောင်အကူအညီများသည်လည်း အဓိက စစ်ဘေးရှောင် ပြည်သူများဆီ မရောက်ပဲ စစ်တပ်၏ စစ်ဘေးရှောင်မိသားစုများ အပါအဝင် စစ်ရေးနှင့် တပ်သားစုစောင်းမှုများအတွက် ဦးစားပေး အလွဲသုံးစားပြုလုပ်လျက်ရှိနေကြသည်ကို အချို့သော အလှူရှင်များ နိုင်ငံတကာ အလှူရှင်များမှ သတိထားဆောင်ရွက်သင့်သည်။

စစ်ဘေးရှောင်သံသရာလည်နေရသည့် အရေးများ အမှန်တကယ် ထိရောက်စွာ ဖြေရှင်းလိုပါက အစိုးရမဟုတ်သည့် အာဏာရှင် စစ်ကောင်စီ နှင့် ကင်းလွတ်သည့် လူသားချင်းစာနာကူညီရေး အပါအဝင် နိုင်ငံရေး စစ်ရေး အမျိုးသားရေး တန်းတူညီမျှမှုမရှိသည့် ပြဿနာဖြစ်နေသည်ကိုပါ ထည့်သွင်း စဉ်းစား ဖြည့်ဆည်း ဆောက်ရွက်ဖို့ လိုအပ်သလို စစ်အာဏာရှင်စနစ်သည် ဒီမိုကရေစီ စနစ်ကို ရဲရဲတင်းတင်း စိန်ခေါ်နေပြီ ဖြစ်သောကြောင့် စစ်ကောင်စီနှင့် တိုက်ရိုက်ဖြစ်စေ တွယ်ဝိုက်ဖြစ်စေ၊ အနည်းအကျဉ်းဖြစ်စေ အများအပြောက်အများဖြစ်စေ လူသားချင်းကူညီမှုမှ နိုင်ငံရေး ရပ်တည်မှု ဖြစ်သွားစေသည်ကို အလှူရှင် မိတ်ဆွေအဖွဲ့အစည်းများမှ သတိထားကြီးစွာ ပြန်လည်သုံးသပ်စေလိုသည်။

# အကြံပြုချက်၊ တောင်းဆိုချက်များ

**A.** ပအိုဝ်းတိုင်းရင်းသား လက်နက်ကိုင် ခုခံ တော်လှန်ရေး အင်အားစုများ

1. စစ်ရေး နှင့် လုံခြုံရေး ဆိုင်ရာ သတင်းအချက်အလက်များအား လူထုများထံသို့ လုံလောက်သည့် ပြင်ဆင်မှုများအတွက် ကြိုတင် လျို့ဝှက် သတင်းပေးပို့နိုင်ရန်
2. လူထုများအတွက် လုံခြုံရေး ယူပေးနိုင်ရန် စားနပ်ရိက္ခာ လမ်းကြောင်းများ ကူညီဆောင်ရွက်နိုင်စေရန်
3. လူထုများ ဘေးကင်းလုံခြုံရေး နှင့် နေရာချထားရေးများအတွက် ကြိုတင်ပြင်ဆင်မှုများ အချိန်မှီလုပ်ဆောင်ရန်
4. စစ်ဖြစ်နေသည့် နေရာ ဒေသများအား ထိန်းချုပ်နိုင်စေရေး ဆောင်ရွက်ရန်နှင့် အရေးပေါ်လူထုများအား ဝန်ဆောင်မှုပေးရာတွင် အရပ်ဖက် အင်အားစုများအား ဆောင်ရွက်ခွင့်ပြုရန်
5. ကြားကာလ နှင့် အသွင်ကူးပြောင်းရေးကာလ စစ်ဘေးရှောင်များ၏ လုံခြုံရေးနှင့် စားနပ်ရိက္ခာဖူလုံရေး အတွက် မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများအား စစ်ဘေးရှောင်များနှင့် အတူ ပူးတွဲဆောင်ရွက်ရန်
6. ကြားကာလ နှင့် အသွင်ကူးပြောင်းရေးကာလ မူဝါဒ နှင့် လုပ်ငန်းစဉ်များ၊ အုပ်ချုပ်ရေး ဆိုင်ရာ လုပ်ငန်းများအား လူထုများ၏ သဘောထားနှင့်အတူ ပူးတွဲဆောင်ရွက်ရန်
7. စစ်ဘေးရှောင်အရေး နှင့် လူထုလိုအပ်ချက်များအား ပုံမှန်သတင်းထုတ်ပြန်နိုင်ရန် နှင့် နိုင်ငံတကာ နှင့် မဟာမိတ်ဆိုင်ရာများအား စည်းရုံးလှုံ့ဆော်သွားရန်
8. ပအိုဝ်းအမျိုးသားများကြား နားလည်မှု နှင့် စည်းလုံးမှု ရရှိရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန်

**B.** အမျိုးသားညီညွတ်ရေး အစိုးရ **(NUG)**

1. စစ်ဘေးရှောင်အရေး နှင့် လူထုလိုအပ်ချက်များအား နိုင်ငံတကာ နှင့် မဟာမိတ်ဆိုင်ရာများအား စည်းရုံးလှုံ့ဆော်သွားရန်
2. ရံပုံငွေရှာဖွေရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ နှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်ရန်။
3. စစ်ကောင်စီအား နိုင်ငံရေး စစ်ရေးဆိုင်ရာ ဖိအားပေးမှုများ တိုးမြှင့် ဆောင်ရွက်နိုင်ရန်။
4. တိုင်းရင်းသားတော်လှန်ရေး အင်အားစုများ နှင့် ပူးတွဲ/ပူးပေါင်း စစ်ရေးမြှင့်တင်ရန်။
5. ဖက်ဒရယ်ယူနစ် ပြည်နယ် နှင့် ဒေသန္တာရ ဖွဲ့စည်းပုံနှင့် ကြားကာလအုပ်ချုပ်ရေးအား အသိအမှတ်ပြုရန်။

**C.** နိုင်ငံတကာ အင်အားစုများ

1. စစ်အာဏာရှင် စစ်ကောင်စီအား အသိအမှတ်မပြုရန် နှင့် ပူးပေါင်းကူညီဆောင်ရွက်မှုများ ရပ်တန့်ရန်။
2. လူသားချင်းဆိုင်ရာ ကူညီမှုများအား စစ်ကောင်စီကင်းလွတ်သည့် နေရာဒေသများတွင် ထိရောက်စွာ ကူညီရန်။
3. စစ်ကောင်စီကျူးလွန်မှုများအား ဘက်ပေါင်းစုံမှ ရှုံ့ချဖိအားပေးရန်။
4. လူသားချင်းစာနာမှုများအား နယ်စပ်ဖြတ်ကျော်ခြင်းနှင့် ပြည်တွင်းအရပ်ဖက်များနှင့်အတူ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်သွားရန်။
5. နိုင်ငံတကာမှ နိုင်ငံရေး ဖိအားအပါအဝင် စစ်ကောင်စီပြစ်မှုများအား တရားစွဲဆိုနိုင်ရေး တိုးမြှင့် လုပ်ဆောင်သွားရန်
6. စစ်ကောင်စီနှင့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်းများအား ဆိုင်းငံ့ထားရန်

7. IDPs အရေးပေါ် ကူညီဆောင်ရွက်မှုများအား တိုးမြှင့်လုပ်ဆောင်ရန် နှင့် ရေရှည် စီမံကိန်းများအား အရပ်ဖက်အဖွဲ့အစည်းများနှင့်အတူ ကြိုတင်ညှိနှိုင်းပူးတွဲဆောင်ရွက်ရန်။
8. အာဆီယံအနေဖြင့်လည်း အာဆီယံ ဘုံသဘောတူညီချက် (၅) ချက်အား ပြန်လည်သုံးသပ်ပြင်ဆင်ရန်။
9. နိုင်ငံတကာများအနေဖြင့် NUG သာမက တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အင်အားစုများအား အသိအမှတ်ပြု ချိတ်ဆက် ပူးတွဲဆောင်ရွက်မှုများ မြင့်တင်ရန်
10. စစ်ဘေးရှောင်အရေး ကူညီဆောင်ရွက်နေသူများအား ထောက်ခံ ကူညီဆောင်ရွက်သွားရန်

**D.** စစ်ဘေးရှောင်ပြည်သူများ

1. ရိက္ခာများ ကြိုတင်စုဆောင်းရန်
2. ဆေးဝါးများ ကြိုတင်စုဆောင်းရန်
3. ဘေးလွတ်ရာကြိုတင်ရှောင်ရှားရန်
4. ကြားကာလ နှင့် အသွင်ကူးပြောင်းရေးကာလ မူဝါဒရေးရာ နှင့် စီမံအုပ်ချုပ်ရေးများတွင် ပါဝင်ရန်
5. မိမိကြုံတွေ့ရသည့်အခြေအနေများအား သတင်းများ စုစည်းဖလှယ်နိုင်ရန်
6. ရေရှည်ကြံ့ကြံ့ခံနိုင်မည့် အစီအစဉ်များအား အရပ်ဖက်အဖွဲ့များနှင့် အတူ ဆောင်ရွက်ရန်
7. ပအိုဝ်းအချင်းချင်းဖြစ်သည့် ပဋိပက္ခထက် စစ်အာဏာရှင်ကြောင့် ဖြစ်သည့် ပဋိပက္ခဟု ရှုမြင်ရန်
8. အခြားတိုင်းရင်းသား လူမျိုးများအား အထင်မလွဲရန် နှင့် အချင်းချင်း သွေးစည်းညီညွတ်ရန်
9. စစ်ဘေးရှောင်များ အချင်းချင်းရိုင်းပင်းကူညီရန် နှင့် မှန်ကန်တဲ့ သတင်းနားစွင့်လက်ခံရန်